# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၄)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌမအစည်းအဝေး ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌမအစည်းအဝေး ကျင်းပစဉ်။

**ရန်ကုန် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌမအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

### တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

### သဘာပတိအဖြစ် ဆောင်ရွက်

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ *ဖတ်စရာ*

**အင်္ဂလန်အသင်းမှ ကစားသမားများ လူမျိုးရေး တိုက်ခိုက်ခံနေရမှုအပေါ် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဗြိတိန်တော်ဝင်မင်းသားဝီလီယံတို့ ရှုတ်ချပြောဆို**

*နိုင်ငံတကာရေးရာ စာ - ၁၃*



**ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်**

*စာ - ၁၄*



**မော်တော်ယာဉ်များ ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက် ပုံစံထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူ သိရှိရန် အသိပေးကြေညာခြင်း**

*စာ - ၁၈*

**ခရီးတစ်ခုမှရရှိခဲ့သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့၏ နောက်ကွယ်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတွေးတစ်စ**

*ဆောင်းပါး စာ - ၂၀*

မြန်မာ့အလင်း

# စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင် ရောဂါကပ်ဆိုးကို ရင်ဆိုင်

ဇူလိုင် ၁၂ ရက် ည ၈ နာရီမှ ဇူလိုင် ၁၃ ရက် ည ၈ နာရီအထိ ၂၄ နာရီအတွင်း ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုမှာ ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းခန့် ရောက်ရှိလာသည်။ ယင်းမှာ လူသုံးယောက်လျှင် တစ်ယောက်မက ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိရသည့် သဘောပင်ဖြစ်သည်။ ကူးစက်မှုနှုန်းမြင့်မားခြင်းနှင့်အတူ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့လည်း မြင့်မားလျက်ရှိသည့်အတွက် ရောဂါကူးစက်မှုကို ထိန်းချုပ်တားဆီးရန် လူတိုင်းက ဂရုပြုဆောင်ရွက်ကြရန်လိုသည်။

ရောဂါကူးစက်ဖြစ်ပွားမှု ရုတ်တရက်မြင့်တက်လာခြင်းက ကုသရေးတွင် လိုအပ်ချက်များ ကြီးကြီးမားမား ဖြစ်ပေါ်လာပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံခုတင်၊ ဆေးဝါး၊ အောက်ဆီဂျင် စသည်ဖြင့် ပြတ်လပ်မှုများနှင့် ရင်ဆိုင်ကြရသည်ကို နိုင်ငံတကာအတွေ့အကြုံများတွင် တွေ့မြင်ရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တွေ့မြင်လာရပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် သေစေနိုင်သည့် ရောဂါဖြစ်သော်လည်း ရောဂါပိုးကူးစက်ခံရသူတိုင်း ပြင်းထန်သည့် အခြေအနေသို့ ရောက်ရှိသွားခြင်း မဟုတ်သည့်အတွက် အကြောက်မလွန်ရန် လိုအပ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲက ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့် လူနာ ၂၀ ရာခိုင်နှုန်းခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန် လိုအပ်ပြီး အဆိုပါ ၂၀ ရာခိုင်နှုန်းတွင် ၅ ရာခိုင်နှုန်းခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း ပညာပေးထုတ်ပြန်ထားရာ ရောဂါကူးစက်မှု မခံရစေရန် ဂရုပြုနေထိုင်ရန် လိုအပ်သော်လည်း အစိုးရိမ်လွန်၊ အကြောက်လွန်ပါက ကောင်းကျိုးထက် ဆိုးကျိုးဖြစ်စေနိုင်ကြောင်း သတိချပ်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော်လည်း ဆေးရုံသို့ သွားရောက်ရန် မလိုအပ်သေးသည့် အခြေအနေဖြစ်ပါက နေအိမ်တွင် နေထိုင်နိုင်သည့် နည်းလမ်းများကို ကျန်းမာရေးပညာရှင်များက အကြံပြုပေးလျက်ရှိရာ လေ့လာမှတ်သားထားရန် လိုအပ်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူကို အိမ်သားများနှင့် ထိတွေ့မှုမရှိအောင် သီးခြားခွဲထားရန်၊ အခန်းသီးသန့်ခွဲရန် နေရာမရှိပါကလည်း အလင်းရောင်နှင့် လေကောင်းလေသန့် ရသည့်နေရာတွင် ထားရန်နှင့် အခြားသူများကို ကူးစက်မှု အခွင့်အလမ်းနည်းပါးစေရန် လူနာကိုပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရန်။ ရေချိုးခန်းအိမ်သာတို့ကိုလည်း သီးခြားမသုံးစွဲနိုင်ပါက လူနာသုံးစွဲပြီးလျှင် သန့်စင်အောင်ဆေးကြောရန်။ လူနာစားသောက်ရန် ပန်းကန်၊ ခွက်တို့ကို တစ်ခါသုံးသုံးစွဲပြီး စနစ်တကျထုပ်ပိုး စွန့်ပစ်ရန်၊ အာဟာရပြည့်ဝစွာစားသောက်ရန်၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ရန်နှင့် အသက်ရှူလေ့ကျင့်ရန်၊ မှောက်လျက်အိပ်သည့် နည်းဖြင့် အောက်ဆီဂျင် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊ သွေးတွင်းအောက်ဆီဂျင် တိုင်းတာခြင်း၊ သွေးခုန်နှုန်းတိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို တစ်နေ့သုံးကြိမ်ပြုလုပ်ရန်၊ ရောဂါပြင်းထန်ပြီး အသက်ရှူမဝခြင်း၊ အမောဖောက်ခြင်း၊ သွေးတွင်းအောက်ဆီဂျင် ၉၅ အောက် ရောက်ရှိခြင်း အခြေအနေတို့တွင် ဆေးရုံသို့သွားရောက်ရန်ဟူ၍ အကြံပြုထားသည်။

ဖျားနာခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါလက္ခဏာများအတွက် အိမ်သုံးဆေးဝါးများ ဆောင်ထားပြီး ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်နိုင်သော်လည်း အိမ်တွင် မိမိသဘောဖြင့် လူနာကို အောက်ဆီဂျင်ပေးခြင်းကိုမူ မပြုလုပ်သင့်ကြောင်းနှင့် တတ်ကျွမ်းနားလည်သည့် ဆရာဝန်၏ ကြီးကြပ်မှုဖြင့်သာ ပြုလုပ်သင့်ကြောင်းကိုလည်း တိုက်တွန်းထားသည်ကို တွေ့ရသည်။ အနာရောဂါဟူသည် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည်က အကောင်းဆုံးဖြစ်သည်။ ကံအကြောင်းမလှ၍ ကူးစက်ခံလာရပါကလည်း စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် စနစ်တကျရင်ဆိုင်ကြရမည်သာဖြစ်သည့်အလျောက် ကျန်းမာရေးအသိ သတိတို့ဖြင့် ကိုဗစ်-၁၉ ကပ်ဆိုးကို ကျော်လွှားနိုင်ကြပါစေကြောင်း။ ။



## (၇၄) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန် ညွှန်ကြားထား

နေပြည်တော် ဇူလိုင် ၁၃

၂၀၂၁ ခု၊ ဇူလိုင် ၁၉ ရက် (တနင်္လာနေ့) (၇၄) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန အဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**



## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါက်တာ ကျော်ရွှေကို ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၊ စာ (၂) ပါ ၁၃၈၃ (၂၀၂၁)ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာခြင်းသတင်း စာကြောင်းရေ (၃) နှင့် (၄) တို့တွင် **“မြန်မာ ဂုဏ်ထူးအောင်(၆)ပါး၊ စုစုပေါင်း (၂၇၄၈)ပါး အောင်မြင်တော်မူကြပါသည်”** (အစား) **“မြန်မာဂုဏ်ထူးအောင်(၅)ပါး၊ စုစုပေါင်း (၂၇၄၇) ပါး အောင်မြင်တော်မူကြပါသည်”**ဟုလည်းကောင်း၊ စာကြောင်းရေ (၅) တွင် **“အောင်မြင်သူ (၂၇၄၈) ပါး”** (အစား) **“အောင်မြင်သူ (၂၇၄၇) ပါး”**ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

### မုတ်သုံလေ အားနည်းနေ

၁၃-၇-၂၀၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ သတင်းမီဒီယာသမားများအတွက် Press Helmet များနှင့် မီဒီယာ ဥပဒေစာအုပ်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ရန်ကုန်မြောက်ပိုင်းခရိုင် လူထုအခြေပြုဌာနသို့ သတင်းသမားများအတွက် Press Helmet ၂၅ လုံးနှင့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတွဲဖက် အတွင်းရေးမှူး (၂)၊ သတင်းမီဒီယာ ကျင့်ဝတ်နှင့် သတင်းမီဒီယာ ဖွံ့ဖြိုးရေး ကော်မတီအဖွဲ့




ခေါင်းဆောင် ဦးအောင်ပြည့်စုံနှင့် သတင်းမီဒီယာ ကောင်စီဝင်များက မြောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်

# စုပေါင်းလုပ်မှ အကျိုးရှိနိုင်



တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

**(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

❀ *ရွှေဖုံးမှ*

အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ (သာရဏီယ ဩဝါဒကထာကို စာမျက်နှာ-၄ တွင် ဖော်ပြထားပါသည်။)**

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် သာသနာရေးရာဆိုင်ရာကိစ္စများ၊ ပညာရေးရာဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလက အတည်ပြုချက်ရယူကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို-ဇနီး ဒေါ်တင်တင်ညွန့် မိသားစုက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချလှူဒါန်းသည်။ ထို့အတူ ဦးကျင်ဦး - ဇနီး ဒေါ်ချောစုလွင် Popular Group မိသားစုတို့က နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများအား ဆေးနှင့်ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)

**ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူ**

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် ဆရာတော်၊ ဒုတိယ ဥက္ကဋ္ဌဆရာတော်များ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ကြီး (၉)ပါးတို့က မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ COVID-19 ကပ်ရောဂါဘေး ကင်းဝေးပြီး ကိုယ်ကျန်းမာ စိတ်ချမ်းသာရေး ရည်မျှော်တွေးလျက် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ဘူမိနက်သန်အောင်မြေအမှန်ဖြစ်သည့် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် သာသနဝ္ဘသမိုင်းဝင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ရှင်သန်ရပ်တည်နိုင်ရေး အထောက်အကူပြု Application မိတ်ဆက်ရှင်းလင်းတင်ပြသည့် အစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ရှင်သန်ရပ်တည်နိုင်ရေး အထောက်အကူပြု Application မိတ်ဆက်ရှင်းလင်းတင်ပြသည့် Skylark ကုမ္ပဏီ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန နီလာအစည်းအဝေး ခန်းမ၌ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ Social Distancing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အနာဂတ် ခရီးသွားလုပ်ငန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ပုံမှန်သွားလာခြင်းမျိုးမှ New Normal ပုံစံဖြင့် သွားလာရမည်ဖြစ်ကြောင်း၊ New Normal ပုံစံနှင့် ပတ်သက်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်မည့် Application တစ်ခုဖြစ်ပေါ်စေရေးအတွက် အဓိကထား ဆွေးနွေးပေးစေလိုကြောင်း၊ အဆိုပါ Application အား ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများနှင့် ခရီးသွားဧည့်သည်များအားလုံး အကျိုးရှိစေရန်နှင့် ရေရှည်တွင် ခရီးသွားလုပ်ငန်း အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ ကိုဗစ်- ၁၉ အလွန်ကာလများတွင် ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရပ်တည်နိုင်ရေး နည်းပညာပိုင်းနှင့် ပတ်သက်၍ ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် Skylark ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းမြတ်စိုးမိုးက ကုမ္ပဏီအနေဖြင့် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလအတွင်း အင်းလျားစင်တာနှင့် မော်လမြိုင်ရှိ Quarantine Center တို့တွင် Quarantine Center Management System၊ Certificate Management System များ အခမဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့မှု၊ Tourism Portal/ App အသုံးပြု လုပ်ငန်းစဉ် အဆင့်ဆင့်၊ Mobile App ၏ အခြေခံလုပ်ဆောင်ချက်၊ လိုအပ်ချက်များနှင့် Application အသုံးပြုသူများအတွက် အကျိုးကျေးဇူးရရှိမှု အခြေအနေများအား ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များက Application အသုံးပြုခြင်းအားဖြင့် ခရီးသည်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ နှစ်ဖက်နှစ်လမ်း အကျိုးရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ရန် အခြေအနေများကို တင်ပြဆွေးနွေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက Application နှင့် ပတ်သက်၍ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးသည်။

**ကြီးကြပ်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယင်း Application ကို အသုံးပြုခြင်းအားဖြင့် ခရီးသွားဧည့်သည်များ၏ အချက်အလက်များ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားရှိမှု၊ ခရီးသွားလာမှုမှတ်တမ်းများနှင့် ကိုဗစ်-၁၉ သတင်းအချက်အလက်များကို နောက်ဆုံးအခြေအနေထိ သိရှိနိုင်ပြီး ဝန်ကြီးဌာနအနေဖြင့် ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများကို ကြီးကြပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ရှင်သန်ရပ်တည်နိုင်ရေး အထောက်အကူပြု Application မိတ်ဆက်ရှင်းလင်းတင်ပြသည့် အစည်းအဝေး တက်ရောက်စဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဌမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

(၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ အင်္ဂါနေ့)

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား –**

ဆရာတော် အရှင်မြတ်တို့သည် မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စ စသည်တို့ကို လျစ်လျူရှုတော်မူကြ၍ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အလေးပေးတော်မူကြလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီဖြစ်အောင် ကြွရောက်တော်မူလာသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား–**

မြတ်စွာဘုရားသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော် သုံးရပ်ကို လိုက်နာဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားထွန်းကားအောင် ဖြန့်ဝေခြင်းတာဝန်များကို ထမ်းဆောင်ရန် အလို့ငှာ သံဃာရတနာကို ခွင့်ပြုခဲ့ပါသည်ဘုရား။ သံဃာရတနာကို ခွင့်ပြုတော်မူသောအခါ သံဃာအဖွဲ့ဝင်များအနေဖြင့် လိုက်နာကျင့်သုံးနိုင်ရန် ဝိနည်းစည်းမျဉ်းဥပဒေများကိုလည်း ပညတ်တော်မူခဲ့ပါသည်ဘုရား။ ထိုပညတ်တော်မူခဲ့သော ဝိနည်းတရားတော်သည် အကျဉ်းအားဖြင့် နှစ်ရာနှစ်ဆယ်ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင် တစ်ရာရှစ်ဆယ်ငါးသိန်းသုံးသောင်းခြောက်ထောင်မျှ ရှိပါသည် ဘုရား။

ဘုရားရှင်၏ တပည့်သား သံဃာတော်များအနေဖြင့် အထက်ဖော်ပြပါ ဝိနည်းစည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးကြလျက် ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ပင်မတာဝန်ကြီးနှစ်ရပ်ကို အချိန်ပြည့် ထမ်းဆောင်တော်မူနိုင်ကြစေရန် ဒါယကာ၊ ဒါယိကာမတို့က သဒ္ဓါကြည်ဖြူ ပေးလှူသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသည့် ပစ္စည်းလေးပါးတို့ကို ခံယူသုံးဆောင်ခွင့်ပြုသောအားဖြင့် ချီးမြှောက်တော်မူခဲ့ပါသည်ဘုရား။ ရတနာသုံးပါးကို ကြည်ညိုလေးစားကြသော ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမတို့ကလည်း သံဃာတော် အရှင်မြတ်တို့အား ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ပင်ပန်းနွမ်းနယ် ညှိုးငယ်ခြင်းမရှိရလေအောင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့လျက် တာဝန်ကျေပွန်လာခဲ့ကြရာ ယခုအချိန်တိုင်အောင် သာသနာတော်ကြီး ညစ်ကြေးမထင် စင်ကြယ်စွာ ၂၅၆၅ ခုနှစ်တိုင်တိုင် အရှည်ခံ့၍ တည်တံ့လာခဲ့ပြီဖြစ်ပါသည် ဘုရား။

ယခုမျက်မှောက်ကာလ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သား ရဟန်း၊ ရှင်၊ လူ အများသည် မြတ်ဗုဒ္ဓအရှင်၏ ငြိမ်းအေးချမ်းသာလှစွာသော သာသနာတော်အရိပ်၌ မှီခိုကိုးစား အားထားနေကြရသည့် အကျိုးကျေးဇူးများကို စိစစ်သုံးသပ်ရပါက သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လည်းကောင်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြသော အရှင်မဟာကဿပမှစ၍ ယနေ့တိုင် သမ္မုတိ သံဃာတော်တို့ကိုလည်းကောင်း၊ သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ခဲ့ကြသော အဇာတသတ်မင်း စသော သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်တို့နှင့် အခြားသော သာသနာပြုပုဂ္ဂိုလ် အသီးသီးကိုလည်းကောင်း အလေးဂရုပြုအောက်မေ့ထိုက်လှပါကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည် ဘုရား။

ကျေးဇူးတရားကြီးမားလှသည့် ဘုရားအစရှိသော ရဟန္တာထေရ်ရှင် အစဉ်အဆက်တို့အား ယခုမျက်မှောက် ထင်ရှားရှိနေသည့် ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူတို့အနေဖြင့် “ကတညု ကတဝေဒီ” မင်္ဂလာတရားနှင့်အညီ ပြန်လည်ကျေးဇူးဆပ်သင့်လှပါသည်ဘုရား။ ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ကျေးဇူးတင်၍ ကျေးဇူးဆပ်ချင်ပါသည်ဆိုလျှင် ထိုကျေးဇူးရှင်ကြီးများ အမြတ်တနိုးပြုစုပျိုးထောင် ဆောင်ရွက်တော်မူခဲ့ကြသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် မဖြစ်မနေပြုလုပ်ဆောင်ရွက်ခြင်းသည်သာလျှင် အကောင်းဆုံးအမြတ်ဆုံး ကျေးဇူးဆပ်ခြင်းပင်ဖြစ်ပါသည်ဟု လျှောက်ထားလိုပါသည်ဘုရား။

ထိုသို့ အမြင့်မြတ်ဆုံး ကျေးဇူးပေးဆပ်သည့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းကြီးကို ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းသီတင်းသုံးကြကုန်သော ဂိုဏ်းအသီးသီးရှိ ဆရာတော်သံဃာတော်အားလုံး ညီညီညွတ်ညွတ် ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ကာ ဆောင်ရွက်လာခဲ့ကြပါသည် ဘုရား။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

**“တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃအဖွဲ့အစည်း အဆင့်ဆင့်တွင် အနားယူသွားသော အဖွဲ့ဝင်များနေရာ၌ ဗျတ္တပဋိဗလပုဂ္ဂိုလ်များ၊ သတ်မှတ်ထားသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကို အစားထိုးရွေးချယ်ပေးနိုင်ရေးသည် လွန်စွာအရေးကြီးသည်ဟု မှတ်ယူသင့်လှပါသည်ဘုရား”**

သာသနာတော်နှစ် ၂၅၂၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက “သံဃကိစ္စ သံဃာဆောင်ရွက်” ဟူသော မူတစ်ရပ်ကိုလည်း ချမှတ်နိုင်ခဲ့ပါသည်ဘုရား။ ရပ်/ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဆင့် အဖွဲ့အစည်းများမှ နိုင်ငံတော်အဆင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့တိုင်အောင် ရေးဆွဲပြဋ္ဌာန်းထားသည့် သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းရပ်တည်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၀ ကျော်လာခဲ့ပြီ ဖြစ်ပါသည်ဘုရား။

ထိုအချိန်ကာလက စည်းမျဉ်းရေးဆွဲရေးအဖွဲ့ အသီးသီးတွင် ပါဝင်တော်မူခဲ့ကြသော တိုင်းအလိုက်၊ ဂိုဏ်းအလိုက် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဒီဃဒဿီဂုဏ်ရှင် ဝန်ဆောင်မထေရ်ကြီးတို့က သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ် (၁၂) တွင် သံဃအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားခဲ့ပါသည် ဘုရား–

(၁) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန် ဖြစ်သည်။
(၂) သံဃာတော်များအနေဖြင့် တရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး နေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန် ဖြစ်သည်။
(၃) ပရိယတ္တိသာသနာတော် တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်။
(၄) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန် ဖြစ်သည်။
(၅) သံဃာတော်များ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော် လည်းကောင်း၊ တစ်ပါးပါးကိုသော် လည်းကောင်း ဆောင်ရွက်နိုင်ကြစေရန်ဖြစ်သည်။
(၆) သံဃာတော်များသည် ဓုရနှစ်ပါးကို အေးချမ်းသာယာစွာ ထမ်းဆောင်တော်မူခွင့်ရသဖြင့် ပဋိဝေဓသာသနာတော်ကို ရရှိခံစားနိုင်ကြစေရန် ဖြစ်သည်။
(၇) သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ရန်ဖြစ်သည်။

အထက်ပါ ရည်ရွယ်ချက်များအတိုင်း သံဃအဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဟူသော ဦးတည်ချက်ဖြင့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို ယနေ့တိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည်မှာ သမိုင်းမှတ်တမ်းများတွင် သက်သေအဖြစ် ကျန်ရှိနေမည်ဖြစ်ပါသည် ဘုရား။

ပမာအားဖြင့် လျှောက်ထားရပါမူ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ (Covid-19) ကပ်ဘေးကာလအတွင်း ဖြတ်သန်းခဲ့ကြရသည့်တိုင်အောင် ၂၀၂၁ ခုနှစ်တွင် ဗုဒ္ဓသာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ်သော ပရိယတ္တိစာမေးပွဲများကို မပျက်မကွက်ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ (ပထမအဖွဲ့ခွဲ)၏ ရုံးထိုင်ကာလအတွင်း (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) စာမေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ၂၀၂၁ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ (၂၈)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကိုလည်း ၂၆–၆–၂၀၂၁ ရက်နေ့တွင် ကျင်းပနိုင်ခဲ့ခြင်းတို့သည် သာသနာတော်အတွက် အလွန်အားတက်ဖွယ်ရာ ဆရာ–ဒကာစိတ်တူညီမျှ ဆောင်ရွက်ချက်တို့ ဖြစ်ပါကြောင်း သက်သေပြုလျက် လျှောက်ထားလိုပါသည်ဘုရား။

ယခင်အကြိမ်များက သံဃအဖွဲ့အစည်းအဆင့်ဆင့် အနားယူစေခြင်း၊ အစားထိုးရွေးချယ်ခြင်းကိစ္စများကို သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတစ်ဝန်းလုံး အစားထိုးရွေးချယ်၍ အတည်ပြုပြန်တမ်းထုတ် ဆောင်ရွက်ခဲ့ကြမြဲဖြစ်ပါသည် ဘုရား။

ယခုအဌမအကြိမ် သံဃာအဖွဲ့အစည်းအဆင့်ဆင့် အနားယူအစားထိုး ရွေးချယ်သည့်မူသစ်အရ အနားယူအစားထိုး ရွေးချယ်ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့ အဆင့်အလိုက် အနားယူစေခြင်း၊ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းများကို ကြီးကြပ်ကွပ်ကဲရန်အတွက် ကြီးကြပ်ရေးအဖွဲ့များကို သံဃ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အနည်းဆုံးတစ်လ ကြိုတင် ဖွဲ့စည်းပေးရမည်ဟု လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များ၏ *စာမျက်နှာ ၅ သို့*

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၆-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းလုပ်ငန်းများကို တပို့တွဲလ တစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အနားယူခြင်းနှင့် အစားထိုးရွေးချယ်ခြင်းလုပ်ငန်းများကို တပေါင်းလဆန်း ၉ ရက်၊ ၁၀ ရက် တို့တွင် ပြီးစီးအောင် ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ အစားထိုးရွေးချယ်ပြီးပါက အနီးဆုံး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရန်ဖြစ်သည်ဟုလည်းကောင်း သက်တမ်းသတ်မှတ်ချက်များကို လည်း ယင်းလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်ဘုရား။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃအဖွဲ့အစည်း အဆင့်ဆင့်တွင် အနားယူသွားသော အဖွဲ့ဝင်များနေရာ၌ ဗျတ္တပဋိဗလပုဂ္ဂိုလ်များ၊ သတ်မှတ်ထားသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်များကို အစားထိုးရွေးချယ်ပေးနိုင်ရေးသည် လွန်စွာအရေးကြီးသည်ဟု မှတ်ယူသင့်လှပါသည်ဘုရား။ သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် ဂိုဏ်းကြီး ၉ ဂိုဏ်းမှလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှလည်းကောင်း၊ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် အရည်အသွေးပြည့်မီသော ဗျတ္တပဋိဗလဖြစ်သော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော သံဃအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည့် ဗျတ္တပဋိဗလ သံဃနာယကအဖွဲ့များဖြစ်မှသာ သံဃအဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပြီး ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည်ဘုရား။

## EOC ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန(EOC)၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သဘာဝဘေး ဖြစ်ပွားချိန် တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများအတွက် ထိရောက်သည့် သတင်းအချက်အလက်များ ရရှိစေရန် EOC သည် နိုင်ငံတော်အဆင့် Disaster Management Centre တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ဘေးမဖြစ်ပွားမီ ကြိုတင်သတိပေးခြင်း၊ အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့် ဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နည်းပညာရပ်ကျွမ်းကျင်သူများ ဖြစ်လာစေရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရရှိစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မြန်မာနိုင်ငံ၌ သဘာဝဘေးဖြစ်ပွားရာတွင် ထိခိုက်ဆုံးရှုံးမှု လျှော့ချနိုင်စေရေး EOC သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်း၌လည်း EOC မှ ရရှိလာမည့် သတင်းအချက်အလက်များသည် များစွာအရေးကြီးသည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) က ဌာနကြီးမှူးနှင့် တာဝန်ရှိသူများက EOC ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဘေးတုံ့ပြန်မှု လုပ်ငန်းစဉ်များတွင် လုပ်ငန်းစဉ် သတ်မှတ်ချက်(SOP)နှင့် လက်တွေ့လုပ်ငန်း ဆောင်ရွက်နိုင်ရေး သဏ္ဌာန်တူ ဇာတ်တိုက်စားပွဲဝိုင်း လေ့ကျင့်ခန်း ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများက အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ၏ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Video Conferencing ဖြင့် ကျင်းပပြုလုပ်သည့် "လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ" (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုများ၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်နှင့် မရမ်းကုန်းမြို့နယ်တို့၌ ကိုဗစ်-၁၉ ကုသရေးစင်တာ ဖွင့်လှစ်ရေးပြင်ဆင်ထားရှိ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်အဖွဲ့ဝင် ဦးဇော်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်တွင် ကိုဗစ်ကုသရေးစင်တာ အသစ်ဖွင့်လှစ်ရန် ပြင်ဆင်နေမှု၊ မရမ်းကုန်းမြို့နယ် အင်းလျားစင်တာတွင် ကိုဗစ် ပိုးတွေ့လူနာများ ကုသပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ လှိုင်မြို့နယ်ရှိ လှိုင် ကိုဗစ်ကုသရေးစင်တာတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် လူနာ ၇၅၀ ကျော် ထားရှိနိုင်ရန် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပြင်ဆင်နေမှုများ၊ အောက်ဆီဂျင် လိုအပ်သည့်လူနာ ၂၀၀ စာ အောက်ဆီဂျင်ပိုက်လိုင်းသွယ်တန်းတပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အနောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်စိုး၊ လှိုင်စင်တာ ကုသရေးတာဝန်ခံ ဒေါက်တာကိုကိုနိုင်တို့က ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ မရမ်းကုန်းမြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေးဌာန အင်းလျားစင်တာသို့ ရောက်ရှိရာ လူနာများအတွက် အောက်ဆီဂျင် ဖြည့်တင်းတပ်ဆင်နေမှုများ၊ အစားအသောက်၊ နေရာထိုင်ခင်း၊ သယ်ယူပို့ဆောင်ရေး၊ စေတနာ့ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ စီစီတီဗွီကင်မရာဖြင့် စောင့်ကြည့်၍ အောက်ဆီဂျင်လိုအပ်သောလူနာများကို အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးနှင့် အခြားကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အင်းလျားစင်တာ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုးရန်နိုင်နှင့် တာဝန်ခံ ဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် လိုအပ်သည်များ မှာကြားခဲ့ပြီး တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြုနှင့် လူမှုရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တာမွေမြို့နယ် ကျိုက္ကဆံအားကစားရုံတွင် ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပစ္စည်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား ပစ္စည်းများ ဆုံးရှုံးလေလွင့်မှု မရှိအောင် ဂရုတစိုက် ထိန်းသိမ်းထားသိုရေး၊ စာရင်းဇယားများ သေချာစွာ ပြုစုထားရှိရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ယောက်ျားဆီးနှင့် ပျားဝတ်မှုန်

မောင်အောင်

"အေး မောင်အောင် ယောက်ျားချင်းမို့ ပြောရဦးမယ်"

အမေ့ရွာသို့ ရောက်နေခိုက် ကျွန်တော့် အစ်ကိုကြီးက ကျွန်တော့်နားကပ်၍ တိုးတိုးကလေး ပြောလာခြင်း ဖြစ်သည်။

"ဟာ ရပါတယ် အစ်ကိုရ။ ဘာလဲ အစ်ကိုက တစ်ယောက်ထဲနေရတာကြာလို့ ပျင်းလို့ အိမ်ထောင်ပြုချင်လို့လား။ ဒီအရွယ်မှာ ဆေးပေး မီးယူ လေးရှိတော့ ကောင်းတာပေါ့ အစ်ကိုရ"

ကျွန်တော်က အသက်ရှစ်ဆယ်ကျော် ကျွန်တော့် အစ်ကိုကြီးကို သက်သက်စလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် အစ်ကိုကြီးက နှာတံပေါ်ပေါ်၊ မျက်ခုံး ကောင်းကောင်း၊ အသားလတ်လတ်။ အစ်ကိုကြီးတို့ခေတ်က ရုပ်ရှင်မင်းသားကြီး ထွန်းဝေနှင့် ခပ်ဆင်ဆင်။ သူတို့ခေတ် သူတို့အခါက မိန်းကလေးတွေ ဝိုင်းဝိုင်းလည်ခဲ့သည်ဟု ကြားဖူးသည်။ အစ်ကိုကြီးက ရတာတွေမလိုဘဲ လိုတာ မရလို့လားတော့ မသိ။ အိမ်ထောင်မပြုဘဲ ယခုထိ လူပျိုကြီးလုပ်နေသူပင်။

"မင်းကလဲ လုပ်ပြီ။ ငါ့ကို စဖို့ပဲ တတ်တယ်။ ဒီလိုကွ။ ငါအပေါ့သွားရတာ အားမရဘူး။ ဆီးက တစ်စက် တစ်စက်ပဲထွက်တယ်။ အဲ-ပြီးတော့ တစ်ခါသွားပြီးတော့လည်း ထပ်ပြီးသွားချင်တယ်"




သဘာဝပျားဝတ်မှုန်နှင့် ပျားဝတ်မှုန်ဆေးတောင့်။

အစ်ကိုကြီးက သူ့ညီနှင့် ညီမများကို တစ်ချက်စောင်းကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ အစ်ကိုကြီးနှင့် ကျွန်တော်သည် တစ်ဝမ်းကွဲဖြစ်သော်လည်း ညီအစ်ကိုအရင်းတွေထက် ပို၍ရင်းနှီးသည်။ ကျွန်တော်ကလည်း ကိုယ့်ထက်အကြီးများကို စတတ်၊ နောက်တတ်သည်။ သို့ဖြစ်၍လည်း ပြောစရာ တိုင်ပင်စရာရှိလျှင် ကျွန်တော့်ကိုသာ ပြောခြင်း တိုင်ပင်ကြခြင်းဖြစ်သည်။

"ဆီးပူတာ ကျဉ်တာ စပ်တာရော ရှိသလား"

"အဲဒီလိုတော့ မဖြစ်ဘူးကွ"

"အစ်ကိုကြီး ရေရောများများ သောက်လား။ မြင်းခွာရွက်တွေ ဘာတွေ စားရဲ့လား"

"ရေတော့ သောက်တာပေါ့ကွာ။ အဲ-ဒါပေမယ့် မြင်းခွာရွက်ကတော့ သူတို့ကျွေးမှ စားရတာပေါ့။ သူတို့ကျွေးရင်တော့ စားပါတယ်။ မင်းကလည်း ငါ့ကိုပုလိပ်စစ် စစ်နေပါလား"

အစ်ကိုကြီးက စိတ်မရှည်သံဖြင့် ပြောလာသည်။

"ပုလိပ်စစ် စစ်တာမဟုတ်ဘူးလေ။ အစ်ကိုကြီးကလည်း အကြောင်းစုံသိမှ ကျွန်တော်က ဘာရောဂါလဲ မှန်းလို့ရမှာပေါ့။ အုရော အောင့်တာ နာတာရှိသလား။ ပြီးတော့ အရွယ်ရော နည်းနည်းပိုကြီးလာသလား"

"တစ်ခါတလေတော့ နည်းနည်းအောင့်ချင်တယ်။ အဲဒီလိုအောင့်တဲ့အခါ နည်းနည်းနာချင်တယ်။ ပြီးတော့ နည်းနည်းတင်းပြီးတော့ နေတယ်"

"အင်း အဲဒါဆိုရင် အစ်ကို ဆီးအကျိတ်ရောင်



ပျားလုပ်ငန်းဌာနအတွင်းရှိ ပျားအုံအတွင်း ပျားဘုရင်မ မွေးမြူထားရှိမှု။

တာ ဖြစ်နိုင်တယ်။ ဆီးကျိတ်ရောင်တာကတော့ သိပ်ပြီးပြဿနာတော့ မရှိပါဘူး။ အသက် ၄၀ ကျော်၊ ၅၀ အရွယ် ယောက်ျားတွေမှာ များသောအားဖြင့် ဖြစ်လေ့ဖြစ်ထရှိပါတယ်"

ကျွန်တော်က စဉ်းစားတွေးဆ၍ ပြောလိုက်ခြင်း ဖြစ်သည်။

"မင်းရော အဲဒီလိုဖြစ်သလား"

"ကျွန်တော်တော့ တစ်ခါမှ မဖြစ်ဖူးဘူး"

"အေး အဲဒါဆို ဆေးကောင်း ဝါးကောင်းလေးရှိရင်လည်း ငါ့ကိုပြောဦးလေကွာ။ မင်းတစ်ယောက်တည်း ကြိတ်ပြီး စားမနေနဲ့လေ"

အစ်ကိုကြီးက ကျွန်တော့်ကို ပြန်၍ နက်လိုက်သည်။

"ဆေးကောင်းဝါးကောင်းရယ်လိုတော့ သီးသန့် မဟုတ်ပါဘူး။ ကျွန်တော်လည်း စာလေး ပေလေး ဖတ်ရင်းနဲ့ ပျားရည်ရဲ့ ကောင်းကျိုးတွေသွားပြီး တွေ့တယ်"

"တကယ်တော့ အစ်ကိုလည်း သိတဲ့အတိုင်း ပျားဆိုတဲ့သတ္တဝါတွေဟာ အလုပ်အလွန်လုပ်တဲ့ သတ္တဝါတွေ။ ပြီးတော့ ပျားလေးတွေက ပန်းဝတ်မှုန်လေးတွေစုဆောင်းပြီး အဲဒီပန်းဝတ်မှုန်ကလေးတွေကနေ ပန်းဝတ်မှုန်ခဲတွေ ထုတ်လုပ်ပေးတယ်။ ပျားရည်စုဆောင်းပေးတယ်။ သူတို့ ခက်ခက်ခဲခဲ စုဆောင်းထားတဲ့ ပျားရည်ကို ကျွန်တော်တို့ လူသားတွေက ဖွပ်ပြီးစားတယ်။ တကယ်တော့ လူသားတွေက ကိုယ့်အကျိုးအတွက်ဆို ဘာမဆိုလုပ်ကြတဲ့ သဘောပါပဲ"

"အေးပေါ့။ အဲဒါကြောင့် ရှေးလူကြီးတွေ ပြောခဲ့တာလေကွာ။ "ပျားဖွပ် သားထိုး" ဆိုတာ မကောင်းတဲ့ အကုသိုလ်ကောင်တွေ"လို့။

အစ်ကိုကြီးက ကျွန်တော့်စကားကို ဝင်၍ ထောက်လိုက်၏။

"ဟုတ်တယ်အစ်ကို။ လူတွေမှာ တစ်ကိုယ်ကောင်း ဆန်လွန်းရင် ကောင်းကိုမကောင်းဘူး။ အဲ-ဒါပေမယ့် အဲဒီမကောင်းတဲ့ အထဲက ကောင်းတာကတော့ ပျားရည်ရဲ့ အာနိသင်ပဲ"

"မင်းဟာက ဘာဆိုင်လဲကွ။ လူတွေမကောင်းတာနဲ့ ပျားရည်က အာနိသင်ကောင်းတာနဲ့။ ထားပါတော့လေ။ ပျားရည်ကောင်းတာကို တို့ရှေးမြန်မာ ဆေးကျမ်းတွေမှာ ဘယ်လိုဆိုထားလို့လဲ။"

အစ်ကိုကြီးက ဗဟုသုတအလွန်ဝါသနာပါသည်။ သူ့ရောဂါကိုမေ့ပြီး ပျားရည်နှင့် ပတ်သက်သည့် အကြောင်း ကျွန်တော့်ကို မေးလာသည်။ ကျွန်တော်ကလည်း ပြောချင်နေတာနှင့် အသင့်ဖြစ်နေသည်။

"အစ်ကိုလည်းသိပါတယ်။ ကျွန်တော်တို့ ယောအတွင်းဝန်မင်း ဦးဖိုးလှိုင်ရေးတဲ့ ဥတုဘောဇနသင်္ဂဟ ကျမ်းမှာ ပျားရည်နဲ့ပတ်သက်ပြီး စုဒ္ဒသမကဏ္ဍမှာ ပျားရည်အမျိုးမျိုးတို့၏ အကျိုးဂုဏ်ကို ပြဆိုခြင်း ဆိုပြီး ရေးသွားတယ်။ အဲဒီမှာ " ပျားရည်မျိုးဟူသမျှသည် ချို၏၊ စဉ်းငယ် ဖန်၏၊ အဆီမရှိ ကြေလွယ်၏၊ အေး၏၊ ဝမ်းမီးကိုတောက်စေ၏၊ အနည်းငယ်စားလျှင် ဝမ်းချုပ်၏၊ ဝအောင်စားလျှင် ဝမ်းပျော့ပျော့သွား၏၊ လူကိုပိန်စေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ မျက်စိနှင့်သင့်၏၊ ပေါက်သောအမာကို သုတ်သင်တတ်၏၊ ကိုယ်အပေါက်ငယ်တို့မှဝင်၍ ပျံ့နှံ့တတ်၏၊ အရွယ်ကို ပျိုစေတတ်၏၊ သွေး၊ လေ အရသာတို့ သွားလမ်းကို သုတ်သင်ရှင်းလင်းတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ အဆင်းကို ကောင်းစေတတ်၏၊ ဉာဏ်ပညာကို ပွားစေတတ်၏၊ သုက်ကိုပွားစေတတ်၏၊ ခံတွင်းကို ရှင်းစေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏။"

"ကဲ ကဲ ရပါပြီ။ ယောအတွင်းဝန်ဦးဖိုးလှိုင် ရေးတာလား၊ မင်းပါးစပ်ထဲရှိတာ ရွတ်နေတာလား"

"အစ်ကိုကလည်း လုပ်ပြီ။ ယောအတွင်းဝန် ဦးဖိုးလှိုင်ရေးထားတာပါဗျ"

"ကဲ ထားပါတော့ ငါမကြိုက်တာက ပျားရည် များများစားရင် ဝတယ်လို့ပဲ ကြားဖူးတယ်။ မင်းခုန ပြောတော့ ပိန်စေတတ်၏ဆိုတော့ တစ်ခုခုတော့လွဲနေတယ် ထင်တယ်"

ကျွန်တော့်အစ်ကိုက စေ့စပ်သည်။ သေချာသည်။ ကျွန်တော်ပြောသွားသည့် စကားထဲက သူမကျေလည်သည်ကို ပြန်၍ မေးလိုက်ခြင်း ဖြစ်သည်။

"မလွဲပါဘူး။ အစ်ကိုရ။ အစ်ကိုသိတဲ့အတိုင်း ပျားရည်နှစ်မျိုးရှိတယ်လေ။ ပျားရည် အဟောင်းနဲ့ အသစ်။ လတ်လတ်ဆတ်ဆတ် ပျားရည်ဆိုရင် ပျားရည်အသစ်။ တစ်နှစ်ကျော်သွားတဲ့ ပျားရည်ဆိုရင် ပျားရည်အဟောင်း။ ပျားရည်အသစ်စားရင်တော့ အစ်ကိုပြောသလို ဝတာပေါ့။ အဲ- ပျားရည်အဟောင်းစားရင်တော့ စောစောက ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဆိုထားသလို ပိန်စေတတ်၏ပါခင်ဗျား"

"မင်းက ဦးဖိုးလှိုင်အားကိုးနဲ့ ငါ့ကိုလာပြီး ပြောနေပြန်ပြီ။ ကဲလေ ထားပါတော့ အဲဒီ ဥတုဘောဇနသင်္ဂဟကျမ်းမှာပဲ အဲဒီလို ပြောထားလား။ ဒီပြင်ကျမ်းမှာရော ပျားရည်နဲ့ ပတ်သက်ပြီး ပြောတာရှိသေးလား"

"ရှိတာပေါ့ အစ်ကိုရ။ အစ်ကို အဲဒီလိုမေးမယ်ဆိုတာသိလို့ ကျွန်တော်ကြိုပြီး ကျက်လာခဲ့တာ။ ရှေးမြန်မာ့ရသဓာတုဆေးကျမ်းမှာ 'ပျားရည်နှစ်တန်သို့မှတ်ရန်ကြောင်း၊ သစ်ပြန်ကြဟောင်း၊ ဤနှစ်ကြောင်းတွင်၊ ၎င်းအသစ်၊ ဖွပ်ခဲ့ညစ်သား၊ စင်စစ်မှန်သည်၊ ပျားအရည်မူ၊ ဆွံ့သည် ကိုယ်လက်၊ ပျောက်ပျက်သလိပ်၊ အကြောင်းဟိတ်တည့်၊ နိမိတ်ခြားနား၊ ဟောင်းသောပျားကား၊ တိုးပွားပညာ ပြည့်စုံစွာလျက်၊ အနာမူလ မှန်သမျှကို၊ ဘဂ္ဂပိုင်းခြား ချက်ချင်းစားမှ၊ ဘယမောဟာ၊ အနာငြိမ်းလွတ် ဝမ်းတန့်ရပ်သည်။ ။ ပညတ်အာဒိ ပြဋ္ဌန်းတည်း' လို့ ဆိုထားသေးတယ်"

"ဒါတင်မကသေးဘူး။ အရှင်နာဂသိန်ရဲ့ အခြေပြုဆေးအဘိဓာန်မှာလည်း ပျားရည်သည် ဒေါသ သုံးပါးကို ငြိမ်းစေ၏၊ ကာမ, နှစ်သက်ခြင်း၊

စာမျက်နှာ ၇ သို့

❑ **"ဆီးကျိတ်ရောင်ရောဂါက ယောက်ျားတွေ အသက် ၅၀ ကျော်လာရင် ဖြစ်တတ်တဲ့ ရောဂါတစ်မျိုးပါ။ အထူးသဖြင့် ရေသောက်နည်းတာ။ ရေသောက်နည်းတော့ ဆီးသွားနည်းတယ်။ ဆီးသွား နည်းတဲ့အထဲမှာ ဆီးကိုသွားချင်တဲ့အချိန်မှာ မသွားဘဲ အောင့်ထားတာ။ သဘောက ဆီးတွေက ဆီးအိမ်ထဲမှာ စုနေကြတယ်။ အဲဒါကို အလုပ်မအားလို့၊ လူကြားထဲဖြစ်နေလို့၊ အိမ်သာမတွေ့လို့ ချက်ချင်းမသွားရင် အဲဒီဆီးအိတ်ကြီးထဲမှာ တင်းနေတယ်။ ဆီးအိတ်က ကျွန်တော်တို့ ကလေးတွေကစားတဲ့ ပူစီဖောင်း လိုပဲ။ သိပ်ပြီးအတင်းကြီး လေမှုတ်ထားရင် ပူစီဖောင်းကျယ်သွားရင် နောက်ပိုင်းမှာ ညှစ်အား လျော့သွားသလို၊ ဆီးအိတ်ကလည်း သိပ်ပြီးစုထားရင် ဆီးအိတ်က ရှုံ့တဲ့ကြွက်သား၊ ဖောင်းတဲ့ကြွက်သားတွေက အားပျော့သွားပြီး မကျုံ့နိုင်တော့တာ။ ဆီးမထိန်းနိုင်တာ"**

*စာမျက်နှာ ၆ မှ*
ပညာ အရောင်အဆင်းတို့ကို ဖြစ်စေတတ်၏၊ အသံ၊ မျက်စိဝမ်းမီးတို့ကို အကျိုးပြု၏၊ အနာကို သုတ်သင်တတ်၏၊ အကြောကို စင်ကြယ်စေ၏၊ လေကို အနည်း ငယ်ပြုတတ်၏။ ၎င်းပြင် နူနာ၊ မြင်းသရိုက်၊ ချောင်း ဆိုး သွေးဖောက်ပြန် ကုလာသရောနာပိုး၊ အဆီ၊ ပျို့အန်၊ ရေငတ်၊ ဝမ်းသက်၊ ပူခြင်း၊ ထိခိုက်ဒဏ်ရာ ရခြင်းတို့ကြောင့် ဖြစ်သော ခယရုပ်၊ အဆီတိုး၊ ကြို့ထိုး၊ ဝမ်းဗိုက်တင်းရောင်၊ လေရောဂါ အဆိပ်၊ အနာပြည့်စေခြင်း၊ အရိုးကျိုးဆက်ခြင်းတို့၌ များစွာ ကျေးဇူးပြု၏၊ သုတ်သင်တတ်၏။"

"အောင်မယ်၊ ငါ့ညီက ဒီလိုကျတော့ တိုင်းရင်းဆေးဆရာကျနေတာပဲ။ တယ်ပြီး လေ့လာထားပါလား။ အေး-ထားပါတော့ကွာ။ မြန်မာ့ဆေးကျမ်းတွေအလိုအရ ဒီလိုဆိုတယ်ပေါ့။ အေး...မင်းတို့ အင်္ဂလိပ်ဆေးကျမ်းတွေကရော ပျားရည်မှာ ဘာဓာတ်တွေပါတယ်။ ဘာတွေ ကောင်းတယ်ဆိုတာ ပြောစမ်းပါဦး"

အစ်ကိုကြီးက ကျွန်တော့်ကို ချီးမွမ်းသလိုလိုနှင့် ဆက်ပြီးပညာစမ်းနေသည်။ သို့သော်လည်း သည်ကိစ္စကပြဿနာမရှိ။ ကျွန်တော်လေ့လာထားပြီးဖြစ်၍ သိသလောက်ကိုတော့ ကျွန်တော့် အစ်ကိုကြီးအား ပြန်ပြီးမျှဝေရပေမည်။

"ပျားရည်မှာ ရေ ၁၇ ဒသမ ၂၀ ရာခိုင်နှုန်းနဲ့ သကြားဓာတ် ၇၉ ဒသမ ၅၇ ရာခိုင်နှုန်း၊ အက်စစ် ၀ ဒသမ ၅၀ ရာခိုင်နှုန်း၊ အသားဓာတ်လို့ခေါ်တဲ့ ပရိုတိန်းက ၀ ဒသမ ၂၆ ရာခိုင်နှုန်း၊ သတ္တုဓာတ် ၀ ဒသမ ၁၇ ရာခိုင်နှုန်းနဲ့ ဗီတာမင် နဲ့ အင်ဇိုင်းဓာတ်က ၂ ဒသမ ၃၀ ရာခိုင်နှုန်း ပါဝင်ပါတယ်"

"မင်းဟာက တယ်ပြီးတိကျပါလား။ ထားပါတော့လေ။ မင်းပြောတဲ့အထဲမှာ သကြားဓာတ်က တယ်ပြီးများပါလား။ ဘာသကြားတွေလဲ သိရင်ပြောစမ်းပါဦး"

"အသေးစိတ်တော့ ကျွန်တော် မှတ်စုစာအုပ်ကို ကြည့်ပြောမယ်နော်"

ကျွန်တော်က ပျားရည်နှင့် ပတ်သက်ပြီး ကျွန်တော်မှတ်ထားသည့် မှတ်စုစာအုပ်ကို လှန်ပြီး ပြောဖြစ်သည်။

"ပျားရည်မှာပါတဲ့သကြားဓာတ်တွေကတော့ လဲဗျူးလို့စ် ၃၈ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဒက်စထရို့စ် ၃၁ ဒသမ ၂၈ ရာခိုင်နှုန်း၊ ဆူးခရို့စ်က ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ မောလတို့စ်က ၇ ဒသမ ၃၀ရာခိုင်နှုန်း၊ ရှုတ်ထွေး သကြားက ၁ ဒသမ ၅၀ ရာခိုင်နှုန်းပါတယ် အစ်ကို"

"အေး... အေး ထားပါတော့ကွာ။ မင်းက ပျားရည်အကြောင်းတယ်ပြီး ညွှန်းနေတော့ ပျားရည်က အာနိသင်ကောင်းတာတော့ ငါလည်း လက်ခံပါတယ်။ အဲ -ဒါပေမယ့် အပြင်မှာ ပျားရည်ဝယ်တော့ ငါတို့က ပျားရည်စစ်မစစ် ဘယ်လိုလုပ်သိမလဲ။ ပျားရည်ရောင်းတဲ့လူကတော့ ပျားသလက်မှာ ပျားတွေကပ်နေတာ၊ တွယ်နေတာပြပြီးရောင်းတာပဲ။ အဲ- ဒါပေမယ့် အိမ်ရောက်တော့ အဲဒီပျားရည်က ကျဲတဲ့ အခါကျဲ၊ ပြစ်တဲ့အခါပြစ်၊ တစ်ခါ တစ်ခါကျလည်း အလွန်ချို၊ တစ်ခါတလေ ကျတော့လည်း အချိုပေါ့သလိုလို။ တို့ရိုးရာနည်းတွေနဲ့ ပျားရည်စစ်မစစ်ဘယ်လိုစမ်းမလဲ။ ပြောစမ်းပါဦး"

"အစ်ကိုကလည်း ဒါလေးများ သိရင်လွယ်လွယ်လေးပါ"

"သိရင်တော့ လွယ်လွယ်ကလေးပေါ့ကွ။ မသိလို့ ခက်နေတာပေါ့"

ကျွန်တော် ပမာမခန့်စလိုက်မိ၍ ကျွန်တော့် အစ်ကို စိတ်ကောက်သွားပုံရသည်။

"ပျားရည် အတုအစစ်စမ်းတာ သိပ်မခက်ဘူးလို့ ကျွန်တော်က ပြောတာပါ။ ပျားရည်ကို လက်ဖဝါးထဲ ထည့်ပြီး ရေနဲ့ ပြန်ပြီးပွတ်သပ်ဆေး၊ လုံးဝပြောင်သွားရင် ပျားရည်စစ်တယ်လို့ ပြောလို့ရတယ်။ အဲ-ပြီးတော့ သတင်းစာစက္ကူပေါ် ပျားရည်ကို အစက်ချကြည့်၊ အရည်စိုပြီး အောက်ကိုစိမ့်ကျတာ ဘေးကို ပြန့်သွားတာမရှိရင် ပျားရည်စစ်တာပဲ။ အဲ- နောက်တစ်မျိုးက ပျားရည်ကို စတီးဇွန်းထဲထည့်ပြီး မီးပြကြည့်၊ ပျားရည်ပြစ်လာတယ်၊ မီးလောင်တယ်ဆိုရင် ပျားရည်စစ်တာပဲ။ ဒါမှမဟုတ် မီးခြစ်ဆံကို ပျားရည်ဆွတ်ပြီး မီးခြစ်ကြည့် မီးတောက်ရင် ပျားရည်စစ်တာပဲ။ အဲ- နောက်တစ်ခါ ပျားရည်ကို လက်ဖဝါးထဲထည့် ထုံးထည့်ပြီးပွတ်ကြည့်၊ ပူလာရင် ပျားရည်စစ်တာပဲ။ ဒါကြောင့်မို့ ဘာပစ္စည်းကိရိယာမှမလိုဘဲ ပျားရည်စစ်မစစ် စမ်းလို့ရတာကြောင့် အလွယ်လေးပါလို့ ကျွန်တော်က ပြောတာပါ"

"အေး ... အေး ထားပါတော့ကွာ။ မင်းပျားရည်အကြောင်း လျှောက်ပြောနေတာ ဗဟုသုတတော့ ရပါရဲ့။ မင်းစကားနားထောင်ရတာနဲ့ ငါ့လုံချည်တော့ သေးတွေနဲ့ရွှဲနေပြီ။ ပြန်လာရင်တော့ ဆီးကျိတ်ရောင်တဲ့အကြောင်းပဲပြောတော့၊ ကျန်တာတွေ လျှောက်ပြီးမပြောနဲ့တော့"

အစ်ကိုကြီးက ပြောလည်းပြော သူ့လုံချည်ကို မပြီး အိမ်နောက်ဖေးဘက်သို့ ဝင်သွားသည်။ သူ့လုံချည်ပေါ်က အကွက်ကြီးက သူဆီးမထိန်းနိုင်ကြောင်း ဖော်ပြနေသည်။

**ဆီးကျိတ်ရောင်ရောဂါ**

"ကဲ- ပြောတော့။ မင်းပထမဆုံးစပြီး ပြောခဲ့တဲ့ ဆီးကျိတ်ရောင်ရောဂါအကြောင်း၊ ဒီပြင်ဟာတွေ ပြောချင်ရင်လည်း နောက်မှပြောကွာ"

အစ်ကိုကြီး အိမ်နောက်ဘက်မှ ပြန်ရောက်လျှင် ရောက်ချင်း ဆီးကျိတ်ရောင်ရောဂါအကြောင်းကို အလောတကြီးမေးလာသည်။

"ဆီးကျိတ်ရောင်ရောဂါက ယောကျ်ားတွေ အသက် ၅၀ ကျော်လာရင် ဖြစ်တတ်တဲ့ ရောဂါ တစ်မျိုးပါ။ အထူးသဖြင့် ရေသောက်နည်းတာ။ ရေသောက်နည်းတော့ ဆီးသွားနည်းတယ်။ ဆီးသွားနည်းတဲ့အထဲမှာ ဆီးကိုသွားချင်တဲ့အချိန်မှာ မသွားဘဲ အောင့်ထားတာ။ သဘောက ဆီးတွေက ဆီးအိမ်ထဲမှာ စုနေကြတယ်။ အဲဒါကို အလုပ်မအားလို့၊ လူကြားထဲဖြစ်နေလို့၊ အိမ်သာမတွေ့လို့ ချက်ချင်း မသွားရင် အဲဒီဆီးအိတ်ကြီးထဲမှာ တင်းနေတယ်။ ဆီးအိတ်က ကျွန်တော်တို့ ကလေးတွေကစားတဲ့ ပူစီဖောင်းလိုပဲ။ သိပ်ပြီးအတင်းကြီး လေမှုတ်ထားရင် ပူစီဖောင်းကျယ်သွားရင် နောက်ပိုင်းမှာ ညှစ်အားလျော့သွားသလို၊ ဆီးအိတ်ကလည်း သိပ်ပြီးစုထားရင် ဆီးအိတ်က ရှုံ့တဲ့ကြွက်သား၊ ဖောင်းတဲ့ကြွက်သားတွေက အားပျော့သွားပြီး မကျုံ့နိုင်တော့တာ။ ဆီးမထိန်းနိုင်တာ"

"အဲ...အဲဒီမှာ ဆီးသွားတာ ထိန်းတာကို ဆီးကျိတ်က အလုပ်လုပ်ပေးရတယ်။ အဲဒီဆီးကျိတ်ကလည်း သာမန်ထက်ပိုပြီး အလုပ်လုပ်ရတဲ့အတွက် ဆီးကျိတ်ရောင်လာတာ။ အဲဒီတော့ ဒါကအခြေခံ


ပျားရည်နှင့် ပျားထွက်ပစ္စည်းအလုပ်ရုံအတွင်း ပစ္စည်းထုတ်လုပ်မှု

အချက်ပဲ။ ကျန်တဲ့ယောကျ်ားနဲ့ ပတ်သက်တဲ့ ဟိုမုန်းတွေ လျော့သွားတာလည်းပါတယ်။ အဲဒီ အတွက်ကြောင့် ဆီးကျိတ်အတွက် လိုအပ်တဲ့ ဟိုမုန်းနဲ့ အာဟာရတွေ ဖြည့်စွမ်းပေးတဲ့ ပျားဝတ်မှုန်ကို စားပေးရတာ"

"အေး...ကောင်းပါပြီ။ မင်းဒါ့ကြောင့် ဆီးကျိတ်ရောင်တာတွေ ဘာတွေမဖြစ်ဘူး ဆိုပါတော့။ မင်းပြောတဲ့ ပျားဝတ်မှုန်ဆိုတာ ဘယ်လိုလဲ၊ ဘယ်ကရတာလဲ ပြောစမ်းပါဦး"

သူ့ရောဂါအကြောင်းပြောခြင်းဖြစ်၍ အစ်ကိုကြီး အတော်လေးစိတ်ဝင်စားပုံရသည်။

"ပျားဝတ်မှုန်ဆိုတာ ပန်းပွင့်တွေမှာ အဖိုဝတ်ဆံတိုင်နဲ့ အမဝတ်ဆံတိုင်ဆိုတာရှိပါတယ်။ အဲဒီ အဖိုဝတ်ဆံတိုင်က အမှုန်တွေဖြစ်ပြီး လုပ်သားပျားတွေက ပျားသားလောင်းလေးတွေကို ကျွေးဖို့ သယ်လာတဲ့ ပန်းဝတ်မှုန်ဖြစ်ပါတယ်။ သဘာဝအစာဖြစ်ပြီး အာဟာရဓာတ်အလွန်ကြွယ်ဝပါတယ်။ ပန်းပွင့်တွေက ဝတ်ဆံဖိုအမှုန်တွေ ရင့်မှည့်လာချိန်မှာ လုပ်သားပျားတွေက ဝတ်မှုန်ကူးတာတွေ လုပ်ရင်း သူတို့ကိုယ်ပေါ်မှာ ကပ်ပါလာတဲ့ ဝတ်မှုန်တွေကို သူတို့လျှာမှာရှိတဲ့ တံတွေးနဲ့ ဝတ်မှုန်ခဲတွေ လုပ်လိုက်ပါတယ်။ သူတို့တံတွေးမှာလည်း အာဟာရဓာတ်ပြည့်ဝတဲ့ အင်ဇိုင်းတွေကြောင့် အာဟာရဓာတ်ပြည့်ဝသွားတာပါ။ အဲဒါ ဝတ်မှုန်ခဲတွေကို လုပ်သားပျားတွေရဲ့ နောက်ဆုံး ခြေထောက်မှာရှိတဲ့ ဝတ်မှုန်အိတ်ထဲထည့်ပြီး ပျားအုံကို သယ်ခဲ့တာပါ။ အဲဒီ ဝတ်မှုန်ခဲတွေကို ကျွန်တော်တို့လူတွေက ဆေးအဖြစ်စားတာပါ"

"အင်း...မင်းတို့ ငါတို့လူတွေက ပျားတွေအပေါ် ခေါင်းပုံဖြတ်တာပေါ့ကွာ။ ပျားရည်လည်းယူ။ ဝတ်မှုန်ခဲလည်း ယူနဲ့ အတော်တော့မတရားတာဘဲ။ ကဲ- ထားပါတော့ အဲဒီ ပျားဝတ်မှုန်က လူတွေအတွက် ဘာတွေကောင်းတာလဲ။ ပြောစမ်းပါဦး"

"အဲဒီ ပျားဝတ်မှုန်မှာ လူတွေအတွက် အာဟာရဓာတ်အပြည့်အစုံ ပါဝင်ပါတယ်။ အထူးသဖြင့် ပရိုတိန်းဓာတ် ၂၅ ရာခိုင်နှုန်းပါဝင်တဲ့ အမိုင်နိုအက်ဆစ် နှစ်မျိုးအထက်ပါဝင်တဲ့အပြင် အဆီဓာတ်၊ ကာဗိုဟိုက်ဒြိတ်နဲ့ ဗီတာမင်ဓာတ်တွေ ပါဝင်ပါတယ်။ ဒါကြောင့် ယောကျ်ားတွေ ဖြစ်လေ့ရှိတဲ့ ဆီးကျိတ်ကြီးခြင်း၊ ဆီးကျိတ်ရောင်ခြင်းတွေကို ပျောက်ကင်းစေပါတယ်။ ဆီးကျိတ်ကင်ဆာကို ပျောက်ကင်းစေတဲ့ သဘာဝဆေးတစ်လက် ဖြစ်ပါတယ်။ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်စေတဲ့အပြင် အရေပြားလှပဖို့ ပါးရေတွန့်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် အရွယ်ကိုလည်း နုပျိုစေပြီး စိတ်သွားတိုင်းကိုယ်ပါတဲ့ အကြောဆေးဖြစ်ပါတယ်"

"အထူးသဖြင့်တော့ ဆေးအညွှန်းထဲမှာ ကာမဆန္ဒအားနည်းသူများ သောက်သုံးသင့်တယ်လို့တောင် ညွှန်းထားတယ်။ ဒါကြောင့် အသက်အရွယ်မရွေး၊ ယောကျ်ား မိန်းမ မရွေး သောက်သုံးသင့်ပါတယ်။ မိန်းမတွေလည်း ဓမ္မတာမမှန်တာ သောက်ရင် ဓမ္မတာမှန်စေတယ်လို့ သိရပါတယ်။ အဲ- နောက်ပြီး ဒီပျားဝတ်မှုန်မှာ ပါဝင်တဲ့ လက်ဆီသင်(Lecithin) လို့ခေါ်တဲ့ အင်ဇိုင်းက လူမှာရှိတဲ့ အဆီပိုတွေကို လောင်ကျွမ်းစေနိုင်တဲ့အတွက် အဝလွန်သူများ၊ ကိုယ်အလေးချိန်လျှော့ချလိုသူများ သောက်သုံးသင့်တဲ့အပြင် ပျားဝတ်မှုန် ပုံမှန်စားခြင်းဖြင့် ပဋိဇီဝဆေး (ANTIBIOTICS)တွေ သောက်သုံးခြင်းကလည်း ကာကွယ်နိုင်ပါတယ်"

"အဲ...နောက်ပြီး...

"တော်ပါတော့ကွာ။ မင်းအဲဒီပျားဝတ်မှုန် ထုတ်တဲ့ဌာနက ကြော်ငြာခရသလား မသိပါဘူး။ တယ်ပြီးညွှန်းနေပါလား"

"ကြော်ငြာခတော့မရပါဘူး။ ဒါပေမယ့် ဒီပျားဝတ်မှုန်က ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ပျားလုပ်ငန်းသမဝါယမက ထုတ်လုပ်တာပါ။ အစ်ကိုစားဖို့ ကျွန်တော် ဒီမှာ တစ်ပုလင်းပါလာတယ်။ အစ်ကိုစားကြည့်လို့ တည့်တယ်ဆိုရင် ကျွန်တော် နောက်ထပ်ဝယ်ပြီး ကန်တော့ပါမယ်"

ကျွန်တော်က ပျားဝတ်မှုန်ပုလင်းကို အစ်ကို့ လက်ထဲ ထည့်လိုက်သည်။

"ကိုအောင်ရေ...ပါးရေတွန့်တာတော့ပျောက်ပြီး နုပျိုတယ်ဆိုလို့ နောက်တစ်ခါလာရင် ကျွန်မအတွက်လည်း တစ်ပုလင်းယူခဲ့နော်"

ကျွန်တော့်ညီမ အပျိုကြီးကလည်း ပျားဝတ်မှုန် တစ်ပုလင်းထပ်ပြီး မှာနေသည်။ မည်သို့ ဆိုစေ၊ ကျွန်တော်တို့ ပျားလုပ်ငန်းသမဝါယမမှ ထုတ်လုပ်သည့် သဘာဝအားဆေး ပျားဝတ်မှုန်ဖြင့် ကျွန်တော် ကုသိုလ်ပြုရပေဦးတော့မည်။ ။

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကိုဖျက်ဆီးမယ့်စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

၁၉၄၀ ပြည့်နှစ် စက်တင်ဘာ/ အောက်တိုဘာလ ဒဂုန်မဂ္ဂဇင်း၌ သခင်အောင်ဆန်း ကလောင်အမည်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သည့် နိုင်ငံရေးအမျိုးမျိုး ဆောင်းပါးကို ပြန်လည်ဖော်ပြအပ်ပါသည်။

(စာတည်းအဖွဲ့)

# နိုင်ငံရေးအမျိုးမျိုး

## ---- *သခင်အောင်ဆန်း* ----

**ဤဆောင်းပါးများကို ရေးရမည်ဆိုလျှင် နိုင်ငံရေးဆိုသောစကားကို ပထမသုံးသပ်ရန်လိုသည်။ "ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး၊ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်" စသည်ဖြင့် ရှေးမြန်မာစာများတွင် ဖတ်ရ၏။ မှတ်ရ၏။ ကောင်းလည်းကောင်း၏။ ဆိုးလည်းဆိုး၏။ ကောင်းပုံကား နိုင်ငံရေး၏ ခက်ခဲနက်နဲသောအဓိပ္ပာယ်၊ ကျယ်ဝန်းသောအဓိပ္ပာယ်၊ သိမ်မွေ့သောအဓိပ္ပာယ်တို့ကို ဆောင်၏။ ဆိုးပုံကား ကြားရသူများအား လမ်းစရှာမတွေ့စေဘဲ လူများများ ဆိုင်းတွင် တီးလိုက်တိုင်း မြည်သည့်စည်ကဲ့သို့ ပညာရှိကြီးသဖွယ် လူများအထင်ကြီးအောင် ပြောကောင်းပြောလို့ရသည့် စကားလည်းဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အဖို့မှာ နိုင်ငံရေးအမျိုးမျိုးအကြောင်းကို မရေးခင် နိုင်ငံရေးဆိုသည့်အဓိပ္ပာယ်အကျယ်အဝန်း၊ အတိုင်းအတာကို စဉ်းစားမိ၏။**

မြန်မာပြည်၏ နိုင်ငံရေးရာဇဝင်ကို ပြန်ပြောင်း၍ကြည့်လျှင် နိုင်ငံရေးဆိုသည်မှာ ဘယ်လိုဟာမျိုးဟု တပ်တပ်အပ်အပ် မရှိသည်ကို တွေ့ရ၏။ အမျိုး၊ ဘာသာ၊ ပညာ။ မြန်မာပြည်သည် ဗမာများအဖို့ ဟုမ္မရူး၊ အင်ဒီပင်းဒင့်၊ ဘုံဝါဒ၊ ဝံသာနု၊ ဆင်းရဲသားစသဖြင့် မီးခိုးမဆုံး၊ မိုးမဆုံးပင်။ တောရွာဒေသများရှိ ဗမာအမျိုးသားတို့အတွက်မှာကား တဘောင်စန်းဘဝေါတွေနှင့် မင်းလောင်းတစ်ခါ ပေါ်လိုက်၊ လိုက်လိုက်၊ ရှုံးလိုက်၊ အေးအေးနေလိုက်၊ တစ်ခါထပ်ပေါ် တစ်ခါထပ်လိုက်၊ တစ်ခါထပ်ရှုံး၊ ဘုရားလက်သစ်တွေ၊ မှော်ဆရာတွေ၊ ပထမံဆရာတွေနှင့် သူတို့နိုင်ငံရေးမှာလည်း လုံးလိုက်၊ ပြားလိုက်နှင့် ဖြစ်နေ၏။

### နိုင်ငံရေးသည် အင်မတန်ညစ်ပတ်

လူငယ်လူရွယ် စိတ်မြန်မြန်၊ ကိုယ်မြန်မြန်တွေကတော့လည်း ခေတ်ကြီးအတင်းပြောင်းချင်သည့်စိတ်တွေမွန်ပြီး ဘင်္ဂလားက သူပုန်တွေလို၊ အိုင်ယာလန်က နည်းတွေလို ဒါတွေနှင့် လွမ်းသူလွမ်း၊ ဆွေးသူဆွေးနေကြ၏။ ဦးဘဘောကြီးကတော့ နိုင်ငံရေးဆိုသည် အင်မတန်ညစ်ပတ်တဲ့အလုပ်ဟုဆို၏။ ဦးသိန်းမောင်ကြီးကတော့ ကုသိုလ်တစ်ပဲသား ငရဲတစ်ပိဿာမို့ နိုင်ငံရေးကို မလုပ်တော့ဘူး။ ဦးစောကတော့ ဝါးရင်းတုတ်နှင့် လူမိုက်အားကိုးလျက် စခန်းသွား၏။ ဒေါက်တာဗမော်ကလည်း တစ်မျိုး။ စတာလင်တို့၊ ဟစ်တလာတို့ အားကျသည်ဆို၏။ ဘယ်သင်းဘယ်လို ဟုတ်သည်မှန်သည်ကို စဉ်းစားကြပါစို့။

ကျွန်တော့်အယူအဆတွင်ကား နိုင်ငံရေးကို လောကဓာတ်ကြောင်းအရ မြင်မှ ထင်မှ ဟုတ်သည်ဟုထင်၏။ လောကဓာတ်ကြောင်း စဉ်းစားမှုဖြစ်မည်ဟု တွေးထင်သည်နှင့်ပတ်သက်၍ လောကဓာတ်ဆိုတာ ဘာကိုဆိုသည်၊ ဘယ်လိုအဓိပ္ပာယ်မျိုးနှင့် ရေးသည်ကိုလည်း နားလည်စေလို၏။ အင်္ဂလိပ်လိုအားဖြင့် (ဆိုင်းယင့်စ်) ဗမာလိုအားဖြင့် လောကဓာတ်ဟု လူတို့ခေါ်ကြသည်မှာ ဘာကိုဆိုလိုသနည်း။ လောကရှိ ဓာတ်အစုအဝေးအားလုံးကို သရုပ်ခွဲပြသည့်လောကဓာတ်၊ ပိုင်းခြားပြသည့် လောကဓာတ်ကား အဘယ်ကပေါ်သနည်း။ အကြောင်းအကျိုးတည်းဟူသော တရားနှစ်ပါးမှပေါ်၏။ အကျိုးရှိလျှင် အကြောင်းရှိရမည်။ အကြောင်းရှိလျှင် အကျိုးပေါ်ရမည်။ ဤကား လောကဓာတ်၏ အခြေခံတရားများဖြစ်၏။ ဤကား ဘုရားတရား၏အခြေခံများဖြစ်၏။

စူးစမ်းဆင်ခြင်တတ်သည့်ဉာဏ်၊ ထွင်းဖောက်နိုင်သည့်ဉာဏ်၊ နက်နဲသောဉာဏ် အစရှိသော ဉာဏ်အမျိုးမျိုးတို့ဖြင့် ကမ္ဘာကြီး၏အလုံးစုံကို အနုလုံ၊ ပဋိလုံရှု ဆင်ခြင်သည့်အခါ အကြောင်းအကျိုးအရင်းခံတရားနှစ်ပါးသာ ထွက်လာပေ၏။ ထိုအကြောင်းအကျိုးနှစ်ပါးကို အခြေပြု၍ ဘုရားသခင်သည် ကမ္ဘာသူ ကမ္ဘာသားတို့အား တရားပြခဲ့၏။ ထိုအကြောင်းအကျိုးနှစ်ပါးအရ လောကဓာတ်ဆရာကြီးများ၊ ပုရောဟိတ်များ၊ သုခမိန်အပေါင်းတို့သည် ကမ္ဘာ့ပညာအရပ်ရပ်တို့ကို ဖြန့်ခဲ့ကြသည် မဟုတ်တုံလော။ သင်၏ရှေ့မှောက်၌ရှိသော စားပွဲ၊ ကုလားထိုင်၊ နာရီ၊ မင်အိုး၊ ကလောင်တံ၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ဓာတ်မီး၊ ရေဒီယို အစရှိသည်တို့မှာသည် လောကဓာတ်ပညာ၏ အစွမ်းကြောင့်ပင် ဖြစ်ခဲ့ပြီ မဟုတ်လော။ သို့နိုင်ငံရေးတွင်လည်း အကြောင်းအကျိုးနှစ်ပါးကို အမှီပြု၍ တွေးမှု၊ ကြံမှု၊ လုပ်မှု၊ ကိုင်မှု၊ ပြောမှု၊ ဆိုမှုဖြစ်ပေမည်။ အောင်ပေမည်။ ဤကား ကျွန်တော်ယူဆပုံဖြစ်၏။

အင်္ဂလိပ်လိုအားဖြင့် (ပေါ်လစ်တစ်) ဆိုသောစကားသည် အင်္ဂလိပ်စကားအစစ်မဟုတ်။ (ပေါ်လစ်တစ်) ဆိုသောစကားမှာ ဥရောပတစ်တိုက်လုံးလို သိ၏။ (ပေါ်လစ်တစ်) ဆိုသောစကားမှာ ခေါမတိုင်း ခေါ်သော ဂရိပြည်မှ စတင်ပေါ်ပေါက်လာ၏။ ခေါမစကား (ပိုလစ်တီ) ဆိုသောစကားမှ ဆင်းသက်လာ၏။ အဓိပ္ပာယ်ကား လူများစုပေါင်းအုပ်ချုပ်မှုပင် ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးဆိုသည်မှာ လူအဝန်းနှင့် ပေါင်းသင်းဆက်ဆံအုပ်ချုပ်ရသောကိစ္စပင် ဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးကို (ဆိုရှယ်ဆိုင်းယင့်စ်)၊ ပေါင်းသင်းဆက်ဆံမှု (လောကဓာတ်) ပညာဟု ယူဆရပေမည်။

### နိုင်ငံရေး၏အဓိပ္ပာယ်

ထိုလူလူချင်း ပေါင်းသင်းဆက်ဆံမှုမှ ပေါ်ပေါက်သော ပြဿနာအရပ်ရပ်ကို အကြောင်းနှင့် အကျိုးတရားကို အမှီထား၍ ရှာဖွေစုံစမ်းစစ်ဆေးမေးမြန်း၊ ဝေဖန်ခွဲခြား စီမံအုပ်ချုပ်မှုပင် ဖြစ်၏။ ဤကိစ္စကို အကျဉ်းအားဖြင့် နိုင်ငံရေးဝါဒအတိုင်း တစ်နိုင်ငံလုံးအရေးဟု ယူကြ၏။ သို့သော် ယခုအခါ နိုင်ငံရေး၏အဓိပ္ပာယ်မှာ တစ်နိုင်ငံ၊ တစ်တိုင်းပြည်လောက်ကိစ္စသာ မဟုတ်တော့။ တစ်ကမ္ဘာလုံးကိစ္စဖြစ်လာ၏။ နိုင်ငံရေးပေါ်ခါစ ခေါမ၊ ရောမတိုင်း။ ထိုအခါများ၌ကား နိုင်ငံရေးသည် "စိတီစတိတ်" ခေါ်သော မြို့ကြီးတစ်မြို့စာသာရှိ၏။ ထို့နောက်ကျယ်၍ကျယ်၍လာရာ ယခုအခါကား ကမ္ဘာနှင့်အဝန်းအထိသို့ပင် ဖြစ်လေပြီ။ ထို့ကြောင့် နိုင်ငံရေးဆို၍ မိမိနိုင်ငံကလေးတွင်ချည်း ထင်သလိုလုပ်၍ မဖြစ်နိုင်တော့ချေ။ ဥဒါဟရုဏ်တွေ၊ ပြယုဂ်တွေပြနေဖို့မလို ရှင်းပြီဟု ယူဆ၏။

အထက်၌ဖော်ပြခဲ့သော နိုင်ငံရေး၏သဘောကို အကျယ်ဋီကာဖွင့်ရလျှင် ကုန်နိုင်ဖွယ်မရှိ၊ သို့ရာတွင် ပိုမိုထင်မြင်သဘောပေါက်စေခြင်းငှာ သရုပ်ထပ်၍ ဆောင်ပြဦးအံ့။

နိုင်ငံရေးသည် လူမှု၊ သူမှုကိစ္စအားလုံးပင်ဖြစ်၏။ လူဟူ၍ ကမ္ဘာတွင် ဖြစ်လာသည့်အခါမှစ၍ လူ၏အတန်းအစားအလျောက် လူလိုနေ၊ လူလိုဝတ်၊ လူလိုစား၊ လူလိုသောက်၊ လူလိုလုပ်လာ၏။ လူလိုလုပ်ချင်လာ၏။ လူလိုလုပ်ရန် ကြိုးစားလာ၏။ အထမြောက်လာ၏။ ပိုမိုကျယ်ပြောလာ၏။ လူနှင့်တိရစ္ဆာန် ကွဲပြားမှုမှာ လူကထွင်တတ်သည့်အစွမ်း၊ မြင်တတ်သည့်အရည်အချင်း ရှိခြင်းပင်ဖြစ်၏။ ထိုအရည်အစွမ်းမှာ အသိဉာဏ်ပင်ဖြစ်၏။ ထိုလူ၏အသိဉာဏ်ဖြင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြရာ၌ ပိုမိုများပြားရှုပ်ထွေးလာသောအခါ နိုင်ငံရေးတည်းဟူသော လူ့ပင်မတရားပေါ်ပေါက်လာ၏။ ဥပမာကား ဂဏန်းသင်္ချာတွင် အပေါင်းအနုတ်က အမြှောက်အစားတက်၊ အမြှောက်အစားက ဘုံသုံးကိန်းတို့ ဘုံညီတိုင်းသို့ တစ်ဆင့်တက်၊ ဤသို့ တက်၍တက်၍ သွားသည့်အခါ ရိုးရိုးဂဏန်းမှ ဆန်းဆန်း၊ ဆန်းဆန်းမှ ရှုပ်ရှုပ်ဖြစ်လာသကဲ့သို့ပင် ထိုအတိုင်း အက္ခရာသင်္ချာ အစရှိသဖြင့် ပေါ်ပေါက်လာသကဲ့သို့ ဖြစ်၏။ အမြှောက်အစားသည် အပေါင်းအနုတ်မှ တစ်ဆင့်တက်လာခြင်းဖြစ်သကဲ့သို့၊ အမြှောက်သည် အပေါင်းများစွာလုပ်ရသည်ကို အလွယ်နည်း၊ ပိုမိုကောင်းသောနည်းဖြစ်သကဲ့သို့ အစားသည် အနုတ်များစွာ လုပ်နေရသည့်ကိစ္စကို ပြုပြင်သကဲ့သို့၊ လူမှုကိစ္စများလည်း ဗမာ့အယူအရ ပဒေသာပင်ခေတ်မှ သမ္မတမင်းခေတ် (အစိုးရပေါ်သည့်ခေတ်) တည်းဟူသော နိုင်ငံရေးဘဝရောက်လာ၏။ တခြားဆရာတွေ အယူအဆမှုကား လူရိုင်းမှ လူယဉ်ခေတ်ရောက်လာသည့်အခါ နိုင်ငံရေးပေါ်သည်ဟုဆို၏။ မည်သို့ပင်ဖြစ်စေ တူသောအချက်ကား လူမှု၊ သူမှုကိစ္စများ ထွေပြားနက်နဲလာသည့်အခါ လူတစ်ဦးတည်း၊ တစ်အိမ်ထောင်တည်း၊ တစ်မျိုးတည်း၊ တစ်ဘာသာတည်း၊ တစ်နိုင်ငံတည်း ဆိုသည့်ကိစ္စမျိုး မရှိတော့ဘဲ တစ်ဆင့်ထက်တစ်ဆင့် တက်လာ၏။ ထိုလူ့အဆင့်အတန်းမှ နိုင်ငံရေးတည်းဟူသော ပင်မသည် ပေါ်လာ၏။

### ဒီမိုကရေစီမှာ နိုင်ငံရေး၏အရင်းခံ

ပေါ်လာပုံကား လူတွေက များလွန်း၍၊ ပြဿနာတွေက ရှုပ်လွန်း၍၊ လူချင်းညှိလို့ မရလွန်း၍၊ တစ်ယောက်ယောက် စည်းမဲ့ကမ်းမဲ့ ဖြစ်လာ၍ အစိုးရဟု ပေါ်ပေါက်လာ၏။ ထိုအစိုးရကား လူတွေကအသီးသီး သူ့နေရာသူ သူတို့အားလုံးအကျိုးအတွက် တင်လိုက်၍ ဖြစ်ရ၏။ လူများက သူတို့အတွက် ဘေးရန်ကာကွယ်ပေးနိုင်ပါစေ၊ အငြင်းအခုံများ ဖျန်ဖြေပေးနိုင်ပါစေ၊ အစားအသောက် အဝတ် အနေမှန်ပါစေဆို၍ အစိုးရကို ချီးမြှောက်ကြ၏။ ဝိုင်းဝန်းကြ၏၊ ကူညီကြ၏။ တူညီပုံကား လိုသမျှ လုပ်နိုင်အောင် အခွန်ပေးကြ၏။ အစိုးရစကားကို လိုက်နာကြ၏။ အစိုးရကလည်း ရသည့်အခွန်ကို တိုင်းသူပြည်သားများအတွက် ပြန်သုံးရ၏။ တိုင်းသူပြည်သားများ ကောင်းကျိုးအတွက် အများလိုက်နာရန် ဥပဒေတွေထုတ်၊ ဥပဒေမနာခံသူတွေကို အထိုက်အလျောက် စီရင်ပေးရ၏။ အမှန်စင်စစ်မှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်မှုဟုခေါ်သော ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေး၏အရင်းခံသဘောပင်ဖြစ်၏။ နိုင်ငံရေး၏ မဖောက်မပြန်မှန်ကန်သော ပရမတ်တရားဖြစ်၏။ သို့သော် နက်နက်နဲနဲ တွေးရှုသည့်အခါ အမှန်မှာ ဒီမိုကရေစီဟူ၍ မရှိလှသေး။

အစိုးရဟု ဖြစ်ပေါ်လာစဉ်ကပင် လူတွေ တရားမစောင့်နိုင်၍ ဖြစ်၏။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရရှိတော့မည်မဟုတ်။ ဤကား ဗမာ့ကျမ်းဂန်တွေ၌ပင် ရှိ၏။

လူတွေ တရားမစောင့်နိုင်သည့်အကြောင်းမှာလည်း လောဘတရားကြောင့်ဖြစ်၏။ လောဘတရားဖြစ်ခြင်းမှာလည်း ပုဂ္ဂလိကပစ္စည်း ပေါ်လာသဖြင့် ငါ့ဟာ၊ ငါ့အိမ်၊ ငါ့ခြံ စသဖြင့် ငါတည်းဟူသော "သက္ကာယဒိဋ္ဌိ" အရင်းခံသည့် လောဘ၊ ထိုလောဘကြောင့်ဖြစ်သော ဒေါသ၊ ထိုဒေါသမီးတို့ကြောင့် မောဟတည်းဟူသော မသိမလိမ္မာ မိုက်မဲမှုဖြစ်လာ၏။

ထိုအခါ လူများမှာ အကျိုးချင်းမတူဘဲ ဖြစ်လာ၏။ မတူသောအကျိုးများကြောင့် အချင်းဖြစ်ရ၏။ သို့ဖြစ်ရကား အကျိုးခံစားရသော လူတစ်စုသည် မိမိတို့အကျိုး မပျက်မပျောက်စိမ့်သောငှာ "ကဲ … မင်းတို့ ငါတို့ ဒီလိုချည်း တစ်ဦးကိုတစ်ဦး တိုက်ခိုက်၊ သတ်ဖြတ်၊ ငြင်းခုံ၊ လုယက်နေလို့ မဖြစ်ဘူး။ နိုင်ငံရေးထွင်ကြစို့၊ အစိုးရထောင်ကြစို့။ သူက ငါတို့ကို အုပ်ချုပ်ပေတော့။ သူ့ကိုငါတို့ကဘယ်လို ကူညီကြ" ဆို၍ အကျိုးခံစားခွင့်ရှိသူများက အကျိုးခံစားခွင့် မရှိသူများကို လှည့်စား၍ သူတို့ကိုယ်စား အစိုးရတွေ၊ ဘာတွေနှင့် အေးအေးချမ်းချမ်း စားပေါက်ထွင်ကြကုန်၏။

"လှည့်စားသည်" ဆိုသည်မှာ အကျိုးခံစားရသူများ ကိုယ်တိုင်က သိပြီး လှည့်စားခြင်းမဟုတ်။ သူတို့၏ လောဘစေတသိက်၏ မြှောက်ပင့်မှုကြောင့်

**❑ အစိုးရကလည်း ရသည့်အခွန်ကို တိုင်းသူပြည်သားများအတွက် ပြန်သုံးရ၏။ တိုင်းသူပြည်သားများ ကောင်းကျိုးအတွက် အများလိုက်နာရန် ဥပဒေတွေထုတ်၊ ဥပဒေမနာခံသူတွေကို အထိုက်အလျောက် စီရင်ပေးရ၏။ အမှန်စင်စစ်မှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်မှုဟု ခေါ်သော ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေး၏အရင်းခံ သဘောပင် ဖြစ်၏။**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အမှန်ကတော့ လူတွေအချင်းများတာဟာ ငါတို့ လောဘကြောင့်၊ ငါတို့သက္ကာယဒိဋ္ဌိကြောင့်၊ ဘုံပစ္စည်းကို ပုဂ္ဂလိကပစ္စည်းသို့ ပြောင်းလဲမှုကြောင့်ဟု မသိဘဲ မောဟတရားနှင့် လောဘတရားအလိုကို လိုက်ခြင်းပင်ဖြစ်၏။ အကျိုးခံစားခွင့်နည်းသူများမှာလည်း ထိုအခါ ဆိုးရွားသောအခြေအနေကို မရိပ်မိသေး၍ "အေး . . . ကောင်းသားပဲ။ နှစ်ဦးနှစ်ဖက် အကျိုးပဲ။ ကောင်းတာလုပ်ကြကွာ။ အစိုးရဆိုတာ ကောင်းသားပဲ။ မင်းတို့ ငါတို့က တင်လိုက်တာပဲ။ သမာသမတ်နှင့်သူက တို့ကြားဖြန့်လိမ့်မပေ့"ဟု ယောင်ဝါးလိုက်ကြကုန်၏။

**ဗမာစာတွင်ကား အစိုးရဟူ၍သာ နိုင်ငံရေးစကားရှိ၏။ "အစိုးရဆိုသည်မှာ ဆယ်အိမ်ခေါင်းက အစ ရှင်ဘုရင်အထိ အုပ်ချုပ်သူများကိုသာ သိကြ၏။" အစိုးရသည် ပြည်သူ၏ကိုယ်စားလှယ်၊ ပြည်သူ၏ဆန္ဒအရ ဖြစ်သည်ဆိုသော သဘောမှာ "ကြာလေပျောက်လေ" ဖြစ်လာ၏။ အစိုးရသည် ပြည်သူနှင့် အလှမ်းကွာနေ၏။ လူတို့စိတ်တွင် သူ့အရိုးနှင့် သူ့အမျိုးမှ ဖြစ်နိုင်သည်ဟု ထင်မှတ်ကြ၏။**

ဤကား... စသည့် လူတွေတုန်းက နားလည်မှုမျိုးမဟုတ်တော့။ စ . . . သည့်က အစိုးရတို့ အကျိုးခံစားရသော အတန်းအစားက မစားရသော အတန်းအစားကို သူမသိ ငါမသိ လှည့်ပတ်လိုက်သည့် အလိမ်မှာ သေသေချာချာကြည့်လျှင် ပေါ်ပေမည်။ သို့သော်လည်း ကြီးမားလှသော မောဟတရား ဖုံးလွှမ်းနေသူတို့မှာ အကျိုးခံစားရသော အတန်းအစား၏ အလွန်သိမ်မွေ့သော (ဝါ) ကိုယ်ကျိုးလုံ့ဆော်၍၊ စေ့ဆော်၍ သူတို့ကိုယ်တိုင် လှည့်မှန်းမသိ လှည့်လာသောနည်းစနစ်ကြောင့် အလိမ်ခံရမှန်းမသိနိုင်တော့။

အကျိုးခံစားရသည့် မင်း၊ သူဌေး၊ သူကြွယ်တို့မှာလည်း "တို့ကုသိုလ်ကြောင့်" ဟု ပြောလာ၏။ အကျိုးခံစားရသည့် သူများကလည်း "ခင်ဗျားတို့ ကုသိုလ်ကြောင့်မဟုတ်ဘဲ ခင်ဗျားတို့က စီမံလာတဲ့ အဓမ္မစနစ်ကြောင့်" ဟု မသိဘဲ၊ ငါတို့ ကံကြောင့်ဟု ထင်လာ၏။

ဗမာတွင်ကား အစိုးရဆိုသည့် နိုင်ငံရေးစကားသာရှိသဖြင့် အစိုးရမဟုတ်သည့် တိုင်းသူပြည်သားများမှာ အကြောင်းသေချာစွာ မသိပင် မသိလင့်ကစား အစိုးရဆိုတာ သူတို့မဟုတ်ဟုကား သိကြမည်ပင်ဖြစ်၏။

အင်္ဂလိပ်အလိုတွင်ကား ဟိုရှေးက အရင်းခံသဘောကို တကယ်ပဲလက်စွဲရှိသေးသလို၊ "စတိတ်" ဟုခေါ်သော အစိုးရရော၊ တိုင်းသူပြည်သားတွေပါဖြစ်သည်။ တိုင်းဟူသော နိုင်ငံရေးစကားပင် ရှိပေ၏။ တခြားအကြီးအကျယ်စကားတွေလည်း ရှိသေး၏။

သို့သော်လည်း "စတိတ်" ဆိုတာဟာ နိုင်ငံရေးအဘိဓမ္မာဆရာကြီးအကြောင်းနှင့် အကျိုးယှဉ်တဲ့ ဘုံဝါဒဆရာကြီး ကားလ်မတ်(စ်) အလိုအရကား အုပ်ချုပ်ရသည့် အတန်းအစား၏ အမှုဆောင်အဖွဲ့ပါပဲ။ မထူးခြားပေ။ ခွေးကို အောင်နက်ကနေပြီး မောင်စိန်ဟု ပြောင်းခေါ်သလိုပင်။

**အတိတ်ဆိုတဲ့ တန်ခိုးအာဏာကိရိယာကြီး**

ဤသို့လျှင် လူတွေပေါ်လာပြီး လူကိစ္စတွေ ထွေလာတော့ နိုင်ငံရေးဆိုတာဖြစ်လာ၏။ "စတိတ်" နိုင်ငံရေး အဆောက်အအုံကြီး ဖြစ်လာတော့၊ အမှန်မှာတော့ အတန်းအစားက တစ်တန်းတစ်စားအထိ အုပ်စိုးချုပ်ချယ်ဖို့စနစ် အရင်းခံပင် ဖြစ်လေသည်။ သို့ပင်ဖြစ်လာသော်လည်း မောဟတွေ ဖုံးနေတဲ့ ဤလောကကြီးမှာ လူတွေအများဟာ မမြင်နိုင်၊ မသိနိုင်လွန်းတော့ "စတိတ်"ဆိုတာကိုပဲ အကောင်းချည်း ထင်ကြတယ်။ ထင်ကြတော့ ဒီစတိတ်ဆိုတဲ့ တန်ခိုးအာဏာကိရိယာကြီးကို သူ့အတန်းအစားလက်က ကိုယ့်အတန်းအစား လက်ရောက်အောင် ကိုယ့်အတန်းအစား အကျိုးအတွက် လုယူလာလိုက်တာ ယခုအခါဆိုလျှင် လူတစ်ဦးက တစ်ဦး၊ တစ်တန်းစားက တစ်တန်းစား နှိမ်ရုံတင် မဟုတ်ဘဲ တစ်တိုင်းပြည်က တစ်တိုင်းပြည် နှိမ်၍လာ၏။

> ❖ **နိုင်ငံရေးကား ပင်မပင်တည်း။ သူ့ကို လက်လွှတ်၍မဖြစ်။ အားလုံးနှင့် ဆိုင်၏။ လောကီရေးဖြစ်သော်လည်း ညစ်ပတ်သည့်အလုပ်ဟု လုံးလုံး မဆိုသာ။ ပရဟိတအတွက်ဟူ၍ နိုင်ငံရေးတွင် ပြောဆိုသည့် စကားပင် လျှင် လူတို့၏ တိုးတက်လိုသော မွန်မြတ်သည့်စိတ်ထားကို ပြခြင်းပင် ဖြစ်ပေ၏။**

ထို့ကြောင့် ဗမာပြည်မှာဆိုလျှင် အုပ်စိုးကြတဲ့ လူများရဲ့ နိုင်ငံရေးကတစ်မျိုး၊ နယ်ချဲ့စနစ်ဆိုတာကို အမှီပြုနေ၏။ အုပ်စိုးခံရသည့် ဗမာလူမျိုးတွေ၏ နိုင်ငံရေးကတစ်မျိုး၊ လွတ်လပ်ရေး အခြေခံထားလျက် ရှိချေ၏။

လွတ်လပ်ရေး လိုချင်တယ်ဆိုတာမှာလည်း ဗမာလူမျိုးတွေ ငတ်ငတ်ပြတ်ပြတ်နေရတာက ဝဝလင်လင် စားချင်လို့၊ ကုသိုလ်လုပ်ချင်လို့ပင် ဖြစ်လေသည်။

ထို့ကြောင့် နိုင်ငံရေးတွင် သူ့အကျိုးသူ့အမြင်နှင့် ဝါဒတွေ မိုးမွှန်နေခြင်းပင်။ တချို့ကတော့ "ဝါဒ" ဆိုတာမလိုပါဘူး။ မြန်မာပြည် မြန်မာပြန်ရပြီး မြန်မာ့အကျိုးဆောင်ရွက်လျှင် ပြီးတာပဲဟု ပြောကြ၏။ ပြောကြတဲ့ လူတွေကိုယ်တိုင်က သူတို့ရဲ့အကျိုး၊ သူတို့ အမြင်အရ ဖြစ်တဲ့ဝါဒကို ဟောနေမှန်း၊ လုပ်နေမှန်း မသိကြပေ။ သိလျှင်လည်း လိမ်ခြင်းပင်ဖြစ်၏။ ဝါဒအကြောင်း နောက်အခန်းများတွင် ရေးဦးမည်။

ဤကား နိုင်ငံရေး၏သဘောကို အကြောင်းနှင့် အကျိုးယှဉ်၍တွေးပုံပင်ဖြစ်၏။ ထို့ကြောင့်ပင် ဤနည်းအရဖြစ်သော နိုင်ငံရေးအစစ်မှာ တဘောင်စနည်းတွေ ရွတ်ရသည့်နိုင်ငံရေးတုများလို မလွယ်ပေ။

**တိုင်းပြည်ကောင်းစားအောင် အပြောကားလွယ်၏။ အလုပ်ကား ခက်၏။ ဥပမာ "ဆင်းရဲသားတွေ လယ်မဲ့နေတယ်။ လယ်ရအောင် လုပ်ပေးမယ်ဆိုလျှင် ပထမမြန်မာပြည်မှာ ဘယ်နှယောက် လယ်မဲ့နေတာကို သိရမည်။ ဒုတိယ သိသလောက် လူတွေကိုပေးစရာမြေ ရှိ၊ မရှိ။ ရှိပြန်လျှင်လည်း ဘယ်လို လုပ်၍ ဘယ်လောက်စီ ဝေပေးရမည်ကို သိရမည်"။**

သစ်တောထွင်၍ မြေရအောင် လုပ်မလား။ ချစ်တီးတွေ လက်ထဲကပဲ အတင်းလုမလား။ လုပါပြီတဲ့ ချစ်တီးတွေ မရှိလို့ လယ်သမားတွေ လယ်စိုက်ဖို့၊ ပျိုးနုတ်ဖို့၊ လယ်စရိတ်တွေ မရှိလျှင် ဘယ်သူကပေးမလဲ။ လယ်တွေဖွံ့ဖြိုးအောင် ခေတ်သစ်နည်းတွေနဲ့လုပ်ဖို့ ဘယ်သူတွေက ဘာသင်ပေးမလဲ။ ဘယ်လိုကိရိယာမျိုး၊ ဘယ်ကကူမလဲ၊ ဝယ်ယူမလား။ နိုင်ငံခြားက လယ်ယာစိုက်ပျိုးရေးအတတ် ကျွမ်းကျင်တဲ့လူတွေ ခေါ်ယူမလား။

သည်လိုဆိုလျှင် ငွေတွေ တက်တက်စင်ကုန်မည်။ ကုန်လျှင် ဘယ်ကရမလဲ။ တိုင်းပြည်က ရတဲ့ အခွန်တွေက များလွန်းလို့ မလောက်ဘူးတဲ့။ ဘယ်က ချေးမလဲ။ မြန်မာတွေဆီကလား။ နိုင်ငံခြား အစိုးရတွေနှင့် မဟာမိတ်လုပ်ပြီး သူတို့ဆီက ချေးမလား။ ချေးတယ်ဆိုရင်ပဲ အလကားရမှာ မဟုတ်။ သည်က သူတို့လိုချင်တဲ့ စီးပွားရေး၊ နိုင်ငံရေးအချက်အလက် တွေပေးရလိမ့်မယ်။ ဤကဲ့သို့ တစ်မျှော်တစ်ခေါ်ကြီး စဉ်းစားရ၏။ ငှက်ပျောသီး နွှာစားသလို မလွယ်။

ရုရှားပြည်မှာ သူပုန်ကြီးပြီးစက စက်မှုလက်မှုလုပ်ငန်းတွေကို ကိုယ်ပိုင်လုပ်ငန်းတွေ အဖြစ် မဟုတ်ဘဲ ဘုံလုပ်ငန်းအဖြစ် လုပ်ချင်သော်လည်း ချက်ချင်းလုပ်ရန် အရင်းအနှီးမရှိ၊ အခြား အကြောင်းများလည်းရှိသဖြင့် နိုင်ငံခြားမှ အရင်းအနှီးတွေခေါ်ပြီး လုပ်ကြရ၏။ ဤကား တကယ့် နိုင်ငံရေးပင်ဖြစ်၏။

အကြောင်းနှင့် အကျိုးမှန်သည့် နိုင်ငံရေးပင်ဖြစ်၏။ နဖူးတွေ့၊ ဒူးတွေ့ အထည်ကိုယ်ဒြပ်နှင့် နိုင်ငံရေးဖြစ်၏။ ဂါထာမန္တရားတွေ မန်းလို့ရတဲ့ နိုင်ငံရေးကတော့ဖြင့် စာအုပ်ထဲတွင်သာ ဖတ်ရဖူး၏။

**နိုင်ငံရေးသည် လောကီရေးဖြစ်၏**

ယင်းသို့ဆိုလျှင် နိုင်ငံရေးသဘောတရားကို ဖော်ပြရာ၌ ဦးဘဘေကြီးပြောသလို "ညစ်ပတ်တဲ့ အလုပ်လား" ဆိုသည့် မေးခွန်းကိုလည်း ဖြေလို၏။ ဦးသိန်းမောင်ကြီးကတော့ ဝန်ခံသွားရှာပြီ။ ညစ်ပတ်တယ်တဲ့ "သူကတော့ မလုပ်ချင်" ဟု ဖြေခဲ့ပြီ။ တေမိမင်း အားကျလို့ထင်၏။ ယခုတော့ ဆွဲချခေါ်တဲ့ ရှေ့နေချုပ်ကြီး ဖြစ်နေတယ်။ အမှန်မှာ နိုင်ငံရေးသည် လောကီရေးပင်ဖြစ်၏။ နိုင်ငံရေးမှာ နိဗ္ဗာန်ရောက် ကြောင်းတရားမဟုတ်။ သို့သော်လည်း လောကီရှိမှလည်း လောကုတ်ရှိနိုင်၏။ လောကုတ်ရှိမှလည်း လောကီတည်နိုင်၏။ အူမတောင့်မှ သီလစောင့်နိုင်၏။

ထို့ကြောင့် နိုင်ငံရေးကား ပင်မပင်တည်း။ သူ့ကို လက်လွှတ်၍မဖြစ်။ အားလုံးနှင့်ဆိုင်၏။ လောကီရေးဖြစ်သော်လည်း ညစ်ပတ်သည့် အလုပ်ဟုလုံးလုံးမဆိုသာ။ ပရဟိတအတွက်ဟူ၍ နိုင်ငံရေးတွင် ပြောဆိုသည့် စကားပင်လျှင် လူတို့၏ တိုးတက်လိုသော မွန်မြတ်သည့် စိတ်ထားကို ပြခြင်းပင် ဖြစ်ပေ၏။ လူ၏ထူးခြားချက်မှာလည်း မိမိတို့၏ အကျိုးစီးပွားကို တိုးတက်အောင် ကြံဆောင်တတ်သော အသိဉာဏ်ပင်ဖြစ်၏။ ထိုအသိဉာဏ်ရှိ၍သာ ဘာသာတရားတွေ ဘာတွေ ပေါ်ပေါက်ပြီး လူတွေရဲ့ စိတ်ချမ်းသာမှု၊ ကိုယ့်စိတ်ချမ်းသာမှုကို ရှာဖွေနေခြင်း မဟုတ်ပါလော။

လူတွေသည် ပြုပြင်လို့ရ၏။ ပြုပြင်လို၏။ တိုးတက်လို၏။ ဤအချက်မှာ ထင်ရှားနေပေပြီ။ စင်စစ်နိုင်ငံရေးမှာ ထိုပြုပြင်တိုးတက်လိုသည့် ပင်မတရားကြီး တစ်ရပ်ပင်ဖြစ်၏။ ထိုတရားကား . . . လောကနိဗ္ဗာန်ကို နောက်ဆုံးရည်မှန်းပေ၏။ ထို့ကြောင့် အဘယ်မှာလျှင် ညစ်ပတ်ရပေမည်နည်း။ ။

**ဒဂုန်မဂ္ဂဇင်း**

**၁၉၄၀၊ စက်တင်ဘာ၊ အောက်တိုဘာ**

## အတိတ်ဟောင်းပေမယ့် မမေ့ကောင်းပါ

※ ရာသီအလီလီ ခါမီရွှေ့ပြောင်း
ရွက်ဟောင်းရွက်သစ် ဖူးပုရစ်နှင့်
အသစ်အဆန်း တင့်တင့်လန်း၏။
※ အတိတ်ကာလ မေ့မရချင်
ပူပင်နှလုံး ကြိမ်မီးအုံးသို့
မဆုံးတတ်နိုင် ဇူလိုင် (၁၉)
သည်ရက်မျိုးဝယ် လူဆိုးလူမိုက်
ကြံလိုက်ပက်စက် လက်နက်အားကိုး
အငြိုးအတေး စိတ်ညစ်ထေးနှင့်
မတွေးမခေါ် လော်လီဖောက်ပြား
သေနတ်သမားတို့ စိမ်းကားရက်စက်
လုပ်ရက်လေခြင်း ခပင်းအပေါင်း
သူရဲကောင်းတို့ ကြွေပြောင်းခန္ဓာ
ပျက်ရရှာသည် ဘယ်ခါမေ့နိုင်ပါအံ့နည်း။
※ ဗိုလ်ချုပ်နှင့်အတူ ရယူလိုသေး
လွတ်လပ်ရေးအတွက် သက်ပေးနှင်းအပ်
သားကောင်းမြတ်တို့ ဒို့မမေ့နိုင်
ဇူလိုင်(၁၉) သည်ဖြစ်ဆိုးကို
ပြန်နှိုးတွေးချင့် ရင်နှင့်အမျှ
ခံစားရသည် ဘဝဆက်ဆက်တိုင်စေသော်။
※ ရဲဘော်မသေ သေသော်ငရဲမလား။
※ တိုင်းပြည်အတွက် သက်နှင်းဆက်
ထွန်းလက်ဂုဏ်ရောင်ပါတကား။
(၇၄- နှစ်မြောက်အာဇာနည်နေ့ကိုဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

## မိုင်းတုံမြို့၌ ပန်းခင်းစီမံချက်ဆောင်ရွက်

မိုင်းတုံ ဇူလိုင် ၁၃

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့တွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းကို ဇူလိုင် ၁၂ ရက်က ဟွေအောကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် မိုင်းဆတ်ခရိုင်ဦးစီးမှူး ဦးလှအေးတို့က ဝမ်ဟုန်၊ မိုင်းယွန်း၊ မိုင်းထလန်း၊ ဟိုပန်၊ ဟွေအော၊ မုံးကျွတ်နှင့် ခိုင်းလုံကျေးရွာများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၂၁၄၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၅၇၈ ကတ်တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

**သန်းဇော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများ ဇူလိုင် ၁၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၇/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပ ပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက သတင်းမီဒီယာ များ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၇/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အခမ်းအနား ကျင်းပစဉ်။

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတ္တမ အကြိမ်မြောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းမီဒီယာ များ၊ ဝန်ကြီးဌာနအသီးသီးမှ ပြောရေး ဆိုခွင့်ရှိသူများ၊ အထောက်အကူပြုအဖွဲ့ များအားလုံး COVID-19 ရောဂါမှ ကင်းဝေးပြီး ကျန်းမာရွှင်လန်းကြပါစေဟု ဆန္ဒပြုပါကြောင်း၊ ယနေ့ သတင်းစာ ရှင်းလင်းပွဲတွင် ရှင်းလင်းသွားမည့် အကြောင်းအရာများမှာ နံပါတ်(၁) အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ရုရှားနိုင်ငံခရီးစဉ်အကြောင်း၊ နံပါတ်(၂)အနေဖြင့် COVID-19 ကပ် ရောဂါအခြေအနေနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နံပါတ်(၃)အနေဖြင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များ၊ နံပါတ်(၄)အနေဖြင့် အကြမ်းဖက် အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများနှင့် သတင်းအမှားများ၊ နံပါတ်(၅)အနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) ၏ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူက ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း ပြော ကြားသည်။

### ချစ်ကြည်ရေးခရီး သွားရောက်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၇ ရက် အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီး၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ MOSCOW Conference on International Security-2021-(MCIS-2021) ကို တက်ရောက်ရန်၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြားနှင့် ရုရှား-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာစေရန်၊ ကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက် မှုများ တိုးတက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါကြောင်း၊ ထိုခရီးစဉ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ် များ၊ တပ်မတော်အရာရှိကြီးများနှင့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိခဲ့ကြ သည့် ထူးချွန်အရာရှိများ လိုက်ပါခဲ့ပါ ကြောင်း။

### တက်ရောက်ဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် ယင်းခရီးစဉ်တွင် (၉)ကြိမ် မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (MCIS-2021)ကို တက်ရောက် ခဲ့ပြီး "ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် အာရှ-ပစိဖိတ်ဒေသအရေးအား ဆွေးနွေး ခြင်း" (The Asia-Pacific Region in the context of Global Politics) ခေါင်းစဉ် ဖြင့် တက်ရောက်ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းညီလာခံကို နိုင်ငံပေါင်း ၆၇ နိုင်ငံ ကအကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီး များနှင့် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေး ကောင်စီ အတွင်းရေးမှူး၊ ကာကွယ်ရေး ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကို တွေ့ဆုံ ခဲ့ပါကြောင်း၊ Russia 24 သတင်းဌာန၊ RIA သတင်းဌာနတို့နှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပါကြောင်း။

### သာသနာ့မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့

ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက် အနေဖြင့် ဇွန် ၂၁ ရက်တွင် မြန်မာထေရ ဝါဒဗုဒ္ဓဝိဟာရ (မော်စကို)ရှိ ရွှေတိဂုံစေတီ တော် ပုံတူစေတီတော်မြတ် ရွှေထီးတော် တင် အခမ်းအနားနှင့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ် ရေစက်ချလှူဒါန်းခြင်း အခမ်းအနားများကို တက်ရောက်ခဲ့ပါ ကြောင်း၊ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)သည် မော်စကိုမြို့လယ်၏ အရှေ့ဘက် ၁၄ ကီလိုမီတာအကွာ၌ရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိ ပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ မတည်မှု၊ မော်စကိုရောက် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်း လှူဒါန်းမှုနှင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက် တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံရှိ ဗုဒ္ဓသာသနာပြုအဖွဲ့အတွက် အခြေပြုရာ နေရာ၊ ဘုရားဝတ်ပြုရာ နေရာများ၊ ဘာသာ၊ သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်သည့် နေရာတစ်ခုဖြစ်ပြီး ရုရှားနိုင်ငံ၌ သာသနာ့ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါ ကြောင်း။

ဇွန် ၂၃ ရက်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ်မှ "ဂုဏ်ထူးဆောင်ပါမောက္ခ"ဘွဲ့ ပေးအပ် ချီးမြှင့်သည့် အခမ်းအနားကို တက်ရောက် ခဲ့ပါကြောင်း၊ ရုရှားနိုင်ငံကို ရောက်ရှိစဉ် ကာလအတွင်း Republic of the Tatarsan ၏ မြို့တော် Kazan ကို သွားရောက်လည်ပတ်ခဲ့ပြီး Republic of Tatarsan သမ္မတနှင့် တွေ့ဆုံကြောင်း၊ ရိုးရာနွေဦးပွဲတော်အခမ်းအနားကို အထူး ဧည့်သည်အဖြစ် တက်ရောက်ခဲ့ပြီး စက်ရုံ အလုပ်ရုံများကို လေ့လာခြင်းတို့ ဆောင် ရွက်ခဲ့ပါကြောင်း၊ ထို့နောက် ဆိုက်ဘေး ရီးယားဒေသ နိုဘိုဆီဘရက်မြို့တော်ကို သွားရောက်ပြီး Higher Military Command School နှင့် Russian Academy of Science (Siberian Branch)ကို သွားရောက်လေ့လာခဲ့ပါ ကြောင်း။

အဖွဲ့ဝင်များအဖြစ် လိုက်ပါလာ သည့် တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာအလိုက် စိန့်ပီတာစဘတ်မြို့ ၌ ကျင်းပသည့် နိုင်ငံတကာရေကြောင်း ဆိုင်ရာ ကာကွယ်ရေးပြပွဲ (International Maritime Defence Show(IMDS-2021) ကို တက်ရောက်ခြင်း၊ မော်စကိုမြို့တော် ဝန်နှင့် တွေ့ဆုံပြီး မြို့ပြဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးခြင်း၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ပြည်ပဆက်ဆံရေး ကော်မတီတို့နှင့် တွေ့ဆုံခြင်း၊ တက္ကသိုလ်များကို သွားရောက်လေ့လာတွေ့ဆုံခြင်း စသည် တို့ကို သီးခြားစီဆောင်ရွက်ခဲ့ပါကြောင်း။

### ပိုမိုတိုးတက်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်

COVID-19 ရောဂါ စမ်းသပ်စစ်ဆေး သည့်စက်များ တစ်ပါတည်း ဝယ်ယူ သယ်ဆောင်လာခဲ့ပြီး ကာကွယ်ဆေးများ ကိုလည်း ဝယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့ပါ ကြောင်း၊ မြန်မာနိုင်ငံ၌ ကာကွယ်ဆေး ထုတ်လုပ်ရန်လည်း အခြေခံသဘော တူညီချက် ရရှိခဲ့ပါကြောင်း၊ ခရီးစဉ်အနေ နှင့် မျှော်မှန်းထားသည်ထက် ပိုပြီး အောင်မြင်သည့် ခရီးစဉ်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်နားလည်မှုများ ပိုမိုတိုးတက် ခဲ့သည့် ခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား မဟာဗျူဟာမြောက် နီးကပ်စွာ ဆက်ဆံ ရေးမှသည် စစ်ဘက်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှု၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှု၊ ရေနံ/သဘာဝဓာတ်ငွေ့နှင့် စွမ်းအင် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် အခြေခံသဘောတူညီချက်များရရှိခဲ့သည့် ခရီးစဉ်ဖြစ်သည်ဟု ပြောလိုပါကြောင်း ပြောကြားသည်။

ဒုတိယအချက်အနေနှင့် COVID-19 ရောဂါဆိုင်ရာ ကိစ္စရပ်များကို ပြောလိုပါ ကြောင်း၊ မျိုးရိုးဗီဇပြောင်းလဲလာသည့် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုသည် မိမိတို့နိုင်ငံ၌ မေလနှောင်းပိုင်း၊ ဇွန်လခန့် ကတည်းက ပိုမိုများပြားလာခဲ့ကြောင်း၊ ဇွန်လအတွင်း ဓာတ်ခွဲစစ်ဆေးမှုပေါင်း ၁၁၂,၈၁၃ ဦးပြုလုပ်သည့်အခါ ပိုးတွေ့ရှိမှု အနေနှင့် ၁၃,၆၄၈ ဦး၊ ၁၂ ဒသမ ၁ ရာခိုင် နှုန်းဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ဓာတ်ခွဲနမူနာ ၁၀,၁၁၇ ဦး ကို ဓာတ်ခွဲစစ်ဆေးရာ အတည်ပြုလူနာ သစ် ၃,၄၆၁ ဦး တွေ့ရှိရကြောင်း၊ မိမိတို့ နိုင်ငံ၌ COVID-19 စတင်တွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့အထိ ဓာတ်ခွဲနမူနာ

> **"COVID - 19 ရောဂါ စမ်းသပ် စစ်ဆေးသည့် စက်များ တစ်ပါတည်း ဝယ်ယူသယ်ဆောင်လာခဲ့ပြီး ကာကွယ်ဆေးများကိုလည်း ဝယ်ယူနိုင်ရေး ဆောင်ရွက်ခဲ့၊ မြန်မာနိုင်ငံ၌ ကာကွယ်ဆေး ထုတ်လုပ်ရန်လည်း အခြေခံ သဘောတူညီချက်ရရှိခဲ့"**

စုစုပေါင်း ၂,၈၆၆,၈၁၄ (နှစ်သန်းရှစ်သိန်း ခြောက်သောင်း ခြောက်ထောင်ရှစ်ရာ တစ်ဆယ့်လေး)ခုကို စစ်ဆေးခဲ့ရာ အတည်ပြုလူနာ ၁၉၂,၂၁၃ ဦး ရှိပြီဖြစ် ကြောင်း၊ ထိုအထဲမှ ဆေးရုံဆင်းခွင့်ရရှိသူ ၁၄၆,၃၅၈ ဦးဖြစ်ပြီး သေဆုံးသူစုစုပေါင်း ၃,၈၃၈ ဦးရှိခဲ့ပါကြောင်း။

### တတိယလှိုင်း ဂရုစိုက်ရမည်

COVID-19 နှင့်ပတ်သက်၍ မှတ်တမ်း များကိုပြန်ကြည့်လျှင် COVID-19 ပထမ လှိုင်းသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ ဩဂုတ်လခန့်အထိ ဖြစ်ခဲ့ပါကြောင်း၊ ယင်းကာလအတွင်း ရောဂါတွေ့ရှိမှု အများဆုံးမှာ ဧပြီလဖြစ်ပြီး တွေ့ရှိမှု ၂ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့ပါကြောင်း၊ ယင်းနောက်ပိုင်း ရောဂါတွေ့ရှိမှု ကျဆင်း သွားပါကြောင်း၊ ဒုတိယလှိုင်းတွင် ဖြစ်ပွား မှု အများဆုံးလမှာ စက်တင်ဘာလဖြစ်ပြီး ပိုးတွေ့ရာခိုင်နှုန်း ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် သေဆုံးမှု ၃ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်ခဲ့ပါ ကြောင်း၊ သေဆုံးမှုအများဆုံးကာလမှာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဖြစ်ပြီးသေဆုံးသူ ၁,၀၅၃ ဦး ရှိခဲ့ပါကြောင်း၊ တတိယလှိုင်း သည် ၂၀၂၁ ခုနှစ် မေလ ၂၇ ရက် မေလ ကုန်ပိုင်းမှစတင်ပြီး ယနေ့အထိ ဖြစ်ပွား ခြင်းဖြစ်ကြောင်း၊ သေဆုံးမှုနှုန်း ၁ ဒသမ ၂ ရာခိုင်နှုန်းခန့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒုတိယလှိုင်း ဖြစ်ပေါ်သည့်အချိန်တွင် သေဆုံးမှုအများဆုံးသည် နိုဝင်ဘာလ လောက်တွင်ဖြစ်ခဲ့ပြီး ဒုတိယလှိုင်းသည် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ စသည့်အချိန်များတွင် အဖြစ်များကြောင်း၊ ယခုစပြီး တတိယလှိုင်းနှင့် ပတ်သက် လာလျှင် ဂရုစိုက်ရမည်ဖြစ်ကြောင်း။

ဆေးပညာအရ သုံးသပ်ခြင်းထက် တွေ့ရှိချက်အရသုံးသပ်ချက်ကို ပြောရ လျှင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတု တွင် ရောဂါဖြစ်ပွားမှုနှုန်းကျပြီး စိုစွတ် သည့် ရာသီဥတုတွင် ရောဂါဖြစ်ပွားမှုနှုန်း ပိုတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဖြစ်ပွားနေသည့် အချိန်သည် လည်းယခင်နှစ်၌ ဖြစ်ပွားခဲ့သည့်အချိန်တွင်

*စာမျက်နှာ ၁၁ သို့*

**■ သုတေသနပြုချက်များအရ ကာကွယ်ဆေးထိုးပြီးသူများသည်လည်း COVID ထပ်ဖြစ်နိုင်သော်လည်း ယခုကြုံတွေ့နေရသည့် Delta ဗီဇပြောင်း COVID-19 ရောဂါပိုးကို ၆၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်းနှင့် ရောဂါထပ်ဖြစ်ခဲ့လျှင်ပင် သေဆုံးနိုင်ခြေရှိသည်အထိ ပြင်းထန်သည့် ရောဂါကူးစက်မှုကို ၉၃ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ကို တွေ့ရှိရ**

**■ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနှင့် ယခုဖြစ်ပေါ်နေသည့် COVID-19 ရောဂါ တတိယလှိုင်းကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ်ခံယူပြီး အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းကာ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အရှိန်အဟုန်ဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ပေးသွားမည်**

*စာမျက်နှာ ၁၀ မှ*

ပြန်လည်ဖြစ်ပွားသည်ကို တွေ့ရကြောင်း၊ ထို့အပြင် စိတ်ချရသည့် ရာသီဥတုအနေအထားမျိုး မရှိသေးကြောင်းတွေ့ရသည့်အတွက် COVID-19 နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရန် မေတ္တာရပ်ခံလိုပါကြောင်း၊ သေဆုံးမှုများပြားခဲ့သည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲမဲဆွယ်မှုများ ပြုလုပ်ခဲ့သည့်ကာလ၊ ရွေးကောက်ပွဲကာလများ ဖြစ်ပါကြောင်း၊ လူစုလူဝေးပြုလုပ်ခဲ့ခြင်းများလည်းရှိပါကြောင်း၊ ထို့ပြင် COVID-19 ရောဂါထက် ရွေးကောက်ပွဲက အရေးကြီးတယ်ဆိုသည့် ပြောစကားများရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလ နှောင်းပိုင်းနှင့် ဇွန်လတွင် ရောဂါပိုးတွေ့ရှိမှု ၁၂ ဒသမ ၁ ရာခိုင်နှုန်း ၊ ယခုလ လဆန်းပိုင်းတွင် ၂၃ ရာခိုင်နှုန်းခန့်အထိ တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ သေဆုံးမှုအနေဖြင့် ဇွန်လတွင် ၁၁၈ ဦး ရှိပါကြောင်း၊ COVID-19 တတိယလှိုင်းနှင့် ပတ်သက်ပြီး အထူးဂရုပြု ကာကွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ကာကွယ်ဆေးထိုးလုပ်ငန်း ကြိုးကြိုးစားစားလုပ်ခဲ့**

COVID-19 နှင့် ပတ်သက်ပြီး COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခြင်းသည် ရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုကို ကာကွယ်ရန် အဓိကကျသည့် လုပ်ငန်းဖြစ်သကဲ့သို့ COVID-19 ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းသည်လည်း အခြေခံကျသည့် အကြောင်းရင်းဖြစ်ပါကြောင်း၊ COVID-19 ကာကွယ်ဆေးကို အိန္ဒိယမှ သန်း ၃၀ မှာယူထားသည့်အထဲမှ ၂ သန်း ရောက်ရှိခဲ့ပြီး လူဦးရေ ၁ ဒသမ ၇ သန်း(တစ်သန်းခုနစ်သိန်း ခုနစ်သောင်းကျော်)ကို ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကြိုးကြိုးစားစားလုပ်ခဲ့ရပါကြောင်း၊ ဖေဖော်ဝါရီလက ကာကွယ်ဆေးထိုးရန် လုပ်သည့်အချိန်တွင် CDM လုပ်သည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် လုပ်ငန်းများ နှောင့်နှေးခဲ့ရမှုများ ရှိပါကြောင်း၊ သို့သော် တာဝန်သိစွာ၊ သစ္စာရှိစွာ ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် ပေါင်း၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တော်တော်လေး ဖြန့်ခွဲဆောင်ရွက်ရပါကြောင်း၊ ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများတွင် ကာကွယ်ဆေးမထိုးနိုင်အောင်၊ ကာကွယ်ဆေးက စိတ်မချရဘူးဆိုကာ ပြည်သူလူထုထင်မြင်အောင် စိတ်ရှုပ်ပေါက်လုပ်ဆောင်မှုများ၊ လှုံ့ဆော်မှုများ တွေ့ခဲ့ရကြောင်း၊ ကာကွယ်ဆေးများကို အအေးမပေးနိုင်အောင် သိုလှောင်ရုံကို လျှပ်စစ်မီး ဖြတ်တောက်ထားခဲ့သည်ဆိုသော လှုံ့ဆော်မှုမျိုးများ လုပ်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ထိုသို့ လုပ်ခဲ့သည်မှာလည်း ကျန်းမာရေးဝန်ထမ်းတစ်ဦးပင်ဖြစ်ကြောင်း၊ မည်သူတွေလုပ်ခဲ့သည်ဆိုသည့် သက်သေအထောက်အထား ပြည့်ပြည့်စုံစုံ ရှိပါကြောင်း၊ သို့သော် ကာကွယ်ဆေးထိုး လုပ်ငန်းများကို တာဝန်သိ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းပြီး အများစုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်သွားမည်**

သုတေသန ပြုချက်များအရ ကာကွယ်ဆေးထိုးပြီးသူများသည်လည်း COVID ထပ်ဖြစ်နိုင်သော်လည်း ယခုကြုံတွေ့နေရသည့် Delta ဗီဇပြောင်း COVID-19 ရောဂါပိုးကို ၆၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်းနှင့် ရောဂါထပ်ဖြစ်ခဲ့လျှင်ပင် သေဆုံးနိုင်ခြေရှိသည်အထိ ပြင်းထန်သည့်ရောဂါကူးစက်မှုကို ၉၃ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးပြီးသူများသည် Herd Immunity ရပြီးဖြစ်၍ ရောဂါပိုးကို ထပ်မံကူးစက်ပြန့်ပွားနိုင်ခြေ နည်းမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး မိတ်ဆွေနိုင်ငံများဖြစ်သော တရုတ်နိုင်ငံက ကာကွယ်ဆေးနှင့် ရုရှားနိုင်ငံက ကာကွယ်ဆေးများ မကြာမီရက်သတ္တပတ်အတွင်း ရောက်လာရန် ရှိပါကြောင်း၊ အစောဆုံးအနေဖြင့် တရုတ်နိုင်ငံက ကာကွယ်ဆေး ရောက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားနိုင်ငံခရီးစဉ်၌ COVID-19 ရောဂါ ကာကွယ်ဆေးများ ထပ်မံရရှိခဲ့ပြီး မြန်မာနိုင်ငံ၌ တစ်နှစ်ကို အနည်းဆုံး ငါးသန်းခန့် ထုတ်လုပ်ရန်အတွက် အခြေခံသဘောတူညီချက်လည်း ရရှိခဲ့ပါကြောင်း၊ ဆေးများနှင့်ပတ်သက်ပြီး အချို့မီဒီယာများတွင် ပညာရှင်ဟု ပြောနေသူများကိုယ်တိုင် ဝေဖန်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ ယင်းတို့ကို ပြည်သူလူထု နားမယောင်ဖို့လိုကြောင်း၊ ကာကွယ်ဆေးများ ထပ်ရောက်လာမည့် အချိန်တွင် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရာတွင်လည်း အားလုံးတက်တက်ကြွကြွ ပူးပေါင်းပါဝင်ရန် ပြောလိုပါကြောင်း။

လေလှိုင်းပေါ်မှတစ်ဆင့် မမှန်မကန်များကို ကျင့်ဝတ်နှင့်မညီ ပြောဆိုနေသကဲ့သို့ ကျင့်ဝတ်မညီသည့် မီဒီယာများနှင့်ပေါင်းပြီး လူသတ်နေခြင်းပင် ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် COVID-19 ရောဂါနှင့် ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် COVID-19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသည် ညှိနှိုင်းဆွေးနွေးမှုများ၊ တွေ့ဆုံမှုများပြုလုပ်လျက်ရှိပြီး လက်တွေ့ကျသည့် ဆောင်ရွက်မှုများကို တစ်ပါတည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေ ဖြင့် ယခုလ ၉ ရက်နေ့က COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထူးအစည်းအဝေးကို ပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့တွင်လည်း ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်ပြီး COVID-19 နှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြုလုပ်နေပါကြောင်း။

ယင်းအစည်းအဝေးတွင် လက်တွေ့ကျကျ ဆွေးနွေးခဲ့ပြီး အဓိကအသိပေးလိုသည့် အချက်များမှာ နံပါတ်(၁)အနေဖြင့် COVID-19 နှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်းများကို တိတိကျကျ လိုက်နာရန် လိုအပ်ပါကြောင်း၊ ရုပ်သံ၊ သတင်းမီဒီယာများကလည်း မကြာခဏ ထုတ်လွှင့်အသိပေး၊ ပညာပေးလျက်ရှိပါကြောင်း၊ COVID-19 ရောဂါကို အဆက်ဖြတ်နိုင်ရန်အတွက် ယခု စည်းကမ်းချက်များသည် အဓိကကျသည်ဟု မေတ္တာရပ်ခံလိုပါကြောင်း၊ နံပါတ်(၂)အနေဖြင့် COVID-19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေးတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းသည်လည်း အရေးပါသည့် လုပ်ငန်းဖြစ်၍ ကာကွယ်ဆေးများ ရရှိရန်အတွက် မိတ်ဆွေနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ပေါ်လာမည့်ကိစ္စများမှာ နံပါတ် ၁ အနေဖြင့် တရုတ်နိုင်ငံက ကာကွယ်ဆေးများ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နံပါတ် ၂ အနေဖြင့် ရုရှားနိုင်ငံက ကာကွယ်ဆေး ၂ သန်း အသုတ်လိုက်ခွဲပြီး ရောက်လာမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံအနေနှင့် မြန်မာနိုင်ငံ၌ COVID-19 ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန် အစီအစဉ်များ ဆက်ဖြစ်လာမည်ဖြစ်ကြောင်း၊ နံပါတ်(၃)အနေဖြင့် အိန္ဒိယနိုင်ငံက သဘောတူထားသည့် ကာကွယ်ဆေးများ ရောက်ရှိရန် ဆက်လက်စီစဉ်ဆောင်ရွက်နေပါကြောင်း၊ COVID-19 ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး အသက် ၁၈ နှစ်အထက်ကိုသာ ထိုးနှံရန် မူလက စီစဉ်ထားသော်လည်း ယခု ၁၈ နှစ်အောက်ကိုလည်း ထိုးနှံနိုင်ရေးစီစဉ်မည်ဖြစ်ကြောင်း၊ နံပါတ်(၄)အနေဖြင့် အချို့ကျန်းမာရေး ဝန်ထမ်းများကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် လစ်ဟင်းနေခြင်းကို စေတနာ့ဝန်ထမ်း(Volunteer)စနစ်၊ လူမှုအဖွဲ့အစည်းများနှင့် အမြန်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

နံပါတ်(၅)အနေဖြင့် Oxygen လိုအပ်ချက်နှင့် ပတ်သက်ပြီး Oxygen Plant များ စွမ်းအားပြည့်လည်ပတ်နိုင်ရန်၊ Liquid Oxygen များ ဖြည့်တင်းနိုင်ရန်အတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နံပါတ်(၆)အနေဖြင့် ကန့်သတ်စောင့်ကြည့်ရမည့် သူများကို နေရာအလိုက် ထားရှိနိုင်ရန်အတွက် တစ်နိုင်ငံလုံးရှိ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များကိုပါ အားဖြည့်ပြင်ဆင်ခိုင်းထားပါကြောင်း၊ အရေးပေါ်လူနာများ ရွှေ့ထုတ်နိုင်ရန်၊ ပစ္စည်းများ၊ ဆေးဝါးများ အချိန်မီ ပို့ဆောင်နိုင်ရန်အတွက်လည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များကို အသုံးပြုပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ နံပါတ်(၇) အနေဖြင့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ဘဏ္ဍာငွေသုံးစွဲရာတွင် မည်သည့်ကန့်သတ်ချက်မှ ကန့်သတ်ထားခြင်းမရှိဘဲ ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် အသုံးချလုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နံပါတ်(၈)အနေဖြင့် အရေးအကြီးဆုံးအချက်မှာ မိမိတို့မြန်မာပြည်သူလူထုသည် လူမှုရေးစိတ်ရှိပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ခံယူပြီး အားလုံး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဇူလိုင်လ ၉ ရက်အစည်းအဝေးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြောကြားမှုကို ပြသလိုပါကြောင်း၊ အချို့မီဒီယာများအနေဖြင့် ပြောနေခြင်းများရှိကြောင်း၊ ကန်ထရိုက်စနစ်ဖြင့် လုပ်သည့်ကိစ္စတွင် ပညာရှင်ကို တန်ဖိုးမထားဘူး စသဖြင့် ပြောနေခြင်းများရှိကြောင်း၊ ယခုပြောသွားသည့်အထဲတွင်လည်း ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအထဲတွင်လည်း အငြိမ်းစားယူသွားသည့် ဝန်ထမ်းများရှိကြောင်း၊ ကျန်းမာရေး သင်တန်းများ တက်ရောက်ပြီး ကျန်သည့်အလုပ်များ လုပ်နေသည်များလည်းရှိကြောင်း၊ ထို့အတူ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင်လည်း အနားယူသွားပြီး အခြားလုပ်ငန်းများ လုပ်နေခြင်းလည်းရှိကြောင်း၊ ယင်းတို့ကို Volunteer အနေဖြင့် မေတ္တာရပ်ခံခေါ်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းတို့ကို တာဝန်ချိန်ကာလအတွင်း ခံစားခွင့်များ၊ လစာစရိတ်များပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနှင့် ယခုဖြစ်ပေါ်နေသည့် COVID-19 ရောဂါ တတိယလှိုင်းကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ်ခံယူပြီး အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းကာ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အရှိန်အဟုန်ဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အခက်အခဲများရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ခက်ခဲနေသည့် ကိစ္စများရှိသည်ကို သိရှိပါကြောင်း၊ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

တတိယအချက်အနေဖြင့် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြောလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ် အထက် လူဦးရေထဲတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း (လူ ၄ သန်းနီးပါး)သည် လုံးဝကျောင်းမနေဖူးသည်ကို တွေ့ရပါကြောင်း၊ အရွယ်ရောက်ပြီး အသက် ၂၅ နှစ်နှင့်အထက် လုံးဝကျောင်းမနေဖူးသူ ၉၆၀,၀၀၀ ခန့်ရှိပြီး မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၁၁ ဒသမ ၈ သန်း ရှိပါကြောင်း၊ ထို့ကြောင့် မူလတန်းအဆင့်နှင့်အောက် ပညာအရည်အချင်းရှိသူ ၁၂ ဒသမ ၇၉ သန်း ရှိသည်ကို တွေ့ရပါကြောင်း၊ အလယ်တန်းပညာအဆင့်သာရှိသူ လူဦးရေ ၅ သန်း ၆ သိန်းခန့်ရှိ၍ ထို ၃ ခုကို ပေါင်းကြည့်လျှင် အသက် ၂၅ နှစ်နှင့် အထက်ရှိသူများမှာ အလယ်တန်းအဆင့်နှင့်အောက် ပညာအရည်အချင်းရှိသူစုစုပေါင်း ၁၈ သန်းခန့် ရှိသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရအနေဖြင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

COVID-19ရောဂါအခြေအနေကြောင့် နှစ်ချီပိတ်ထားရသည့် ကျောင်းများကို ပြန်လည် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းပေါင်း ၄၂,၀၈၀ ကျောင်း(၈၈ ဒသမ ၁၁ ရာခိုင်နှုန်း) ဖွင့်လှစ်ခဲ့ပြီး ဆရာ၊ ဆရာမ ဦးရေ ၂၇၁,၀၇၂ ဦးနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၄,၆၉၁,၆၇၈ (လေးသန်း ခြောက်သိန်း ကိုးသောင်းတစ်ထောင့်ခြောက်ရာ ခုနစ်ဆယ့်ရှစ်) ဦး

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

တက်ရောက်ခဲ့ပါကြောင်း၊ လက်ရှိတွင် COVID-19 ရောဂါ အခြေအနေကြောင့် ကျောင်းများကို နှစ်ပတ်ပိတ်ထားပါကြောင်း၊ ပညာရေးမြှင့်တင်မှုဆောင်ရွက်သည့်နေရာတွင် အဓိကပြောလိုသည်မှာ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးပါသည့်အတွက် ဆရာ၊ ဆရာမများကို ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘတ်ဂျက်တွင် ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ထောက်ပံ့ငွေကို သာမန်အသုံးစရိတ်မှ နိုင်ငံတော်အစိုးရက ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနရှိ သင်ကြားရေး ဆရာ၊ ဆရာမများကို ဘွဲ့အလိုက်ချီးမြှင့်ငွေ ၉၆၉ ဒသမ ၃၆ သန်းနှင့် အခြေခံပညာဦးစီးဌာန၊ သင်ကြားရေးဝန်ထမ်းများကို ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့ရ၊ မဟာသုတေသန၊ ပါရဂူဘွဲ့ အလိုက်ချီးမြှင့်ငွေ ၂၉၅၄ ဒသမ ၈၅ သန်းကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ပါရဂူဘွဲ့ရသင်ကြားရေးဆရာ၊ ဆရာမများကို ထောက်ပံ့ကြေး ၇၃ ဒသမ ၃၃၈ သန်းနှင့် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့ရ၊ မဟာသုတေသန၊ ပါရဂူဘွဲ့များအတွက် ချီးမြှင့်ငွေ ၄၃၆ ဒသမ ၆၅ သန်း ချီးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းကို သတင်းကောင်းပါးလိုပါကြောင်း ပြောကြားသည်။

**ပြည်သူကို ကြီးမားသည့် ထိခိုက်မှုဖြစ်စေ**

ဆက်လက်ပြီး ယနေ့ဖြစ်ပေါ်နေသည့် NUG, CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် NLD နှင့် NLD ထောက်ခံသူ အစွန်းရောက်အချို့၏ စီစဉ်ညွှန်ကြားမှုဖြင့် အားပေးအားမြှောက် ပြုလုပ်ခဲ့မှုများကြောင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူများ၊ နိုင်ငံတော်ကို လက်နက်ကိုင်အကြမ်းဖက်မှု ကျူးလွန်စေရန် အကြမ်းဖက်သင်တန်း စီစဉ်ခဲ့သူများ၊ လက်နက်ခဲယမ်းထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့သူများ၏ ပြောကြားချက်များကို Videos File ဖြင့် ပြသသွားမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ မန္တလေးတွင် ဖမ်းမိခဲ့သည့် PDF မန္တလေး ပြန်ကြားရေး ခေါင်းဆောင် ဝေယံလင်း (ခေါ်)ထွန်းတောက်နိုင်၏ ပြောဆိုချက်ကို ပြသမည်ဖြစ်ပါကြောင်း၊ ထွန်းတောက်နိုင်ကို အားလုံးသိမည်ဖြစ်ပါကြောင်း၊ အချို့မီဒီယာများတွင် မန္တလေး၌ ဖောက်ခွဲမှု၊ အကြမ်းဖက်မှု ဖြစ်နေသည့်အချိန်တွင် မီဒီယာများ ခဏခဏတွေ့ရသည့်သူဖြစ်ပါကြောင်း၊ ၎င်းကို ဇွန် ၂၃ ရက်က သပိတ်ကျင်းမြို့နယ်တွင် လက်နက်များနှင့်အတူ ဖမ်းမိခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဖမ်းမိခဲ့သည့် လက်နက်များအနေဖြင့် လက်နက်မျိုးစုံ ၁၁၄ လက်၊ ကျည်တစ်သောင်းခန့်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ပါကြောင်း၊ အန္တရာယ်ကြီးမားသည့် ပမာဏဖြစ်ပါကြောင်း၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်က မြို့များ ပျက်စီးဆုံးရှုံးမှု၊ ပြည်သူလူထုကို ကြီးမားသည့် ထိခိုက်နစ်နာမှု ဖြစ်စေသည့် ပမာဏ ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စများကို ဘယ်လိုလုပ်ခဲ့ကြောင်း၊ ဘယ်သူများ အားပေးအားမြှောက် လုပ်ခဲ့သည်ဆိုသည်များကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ထွန်းတောက်နိုင် ပြောကြားထားသည့် Video ကို ပြသသည်။

ဆက်လက်၍ ဒုတိယအနေဖြင့် ထွန်းတောက်နိုင်နှင့်အတူ ဖမ်းမိခဲ့သည့် မန္တလေး PDF မှ ဒုတိယခေါင်းဆောင် မိုးတိမ်(ခေါ်) ရန်လင်းအောင်၏ ပြောဆိုချက်ကို ပြသမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို အားပေးအားမြှောက်လုပ်ခဲ့သည့် EAOs အဖွဲ့တစ်ခု၏ နောက်ကွယ်က အကြံအစည်နှင့် ရည်ရွယ်ချက်များကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားကာ မိုးတိမ်(ခေါ်)ရန်လင်းအောင်၏ Videos File ပြသသည်။

ယခု Videos File တွင် လျှပ်စစ်နှင့် ပတ်သက်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ရုံးများတွင် မီတာမဆောင်လိုခြင်းကြောင့် ဖြစ်ကြောင်း၊ သာမန်ပြည်သူလူထုကို ပြောလိုခြင်းမဟုတ်ပါကြောင်း၊ အချို့သည် ပွဲလုပ်နှံ့တုန်း ဖျာခင်းခြင်း ဖြစ်ပါကြောင်း၊ မန္တလေးစက်မှုဇုန်ရှိသူများက PDF အဖွဲ့ဝင်များကို စည်းရုံးပြီး ၎င်းတို့၏ မီတာခမဆောင်လိုခြင်းကြောင့် မီတာခ ပေးဆောင်ရန် ငွေကျပ်သိန်း ၆၀၀ ခန့်ရှိကြောင်း၊ မီတာခမဆောင်လိုခြင်းကြောင့် မည်မျှပေးမည် စာရွက်စာတမ်းဖျက်ဆီးပေးဆိုသည့် အသုံးချမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိထပ်ပြောလိုသည်မှာ အချို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မြို့ကြီးများတွင် တိုက်ပွဲများဖြစ်အောင်၊ မငြိမ်မသက်မှုဖြစ်အောင် ဖန်တီးပြီး ၎င်းတို့နယ်မြေတွင် လွှမ်းမိုးမှုရအောင် ယူရန် လုပ်ဆောင်မှုများရှိပါကြောင်း၊ မဖြစ်နိုင်သည်ကို ထောက်ပံ့ပေးခိုင်းပြီး နောက်ကွယ်က ကြံရွယ်ချက်များရှိကြောင်း၊ အချို့ လမ်းမှားရောက်နေသည့် လူငယ်များသည် နောက်ကွယ်က အကြံအစည်များကို သိရှိနိုင်ရန်အတွက် ယခုလို ပြသပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**GZ များကို စစ်သင်တန်းပေး**

တတိယအနေဖြင့် ၁၉၈၈ ခုနှစ်ကတည်းကတောခိုခဲ့ပြီး EAOs နယ်မြေတစ်ခုတွင် လူငယ်များကို သင်တန်းပေးခဲ့သည့် ABSDF အဖွဲ့၊ စစ်ကော်မရှင်အတွင်းရေးမှူးဟောင်း၊ လက်ရှိ UNRA အဖွဲ့(Union of National Recistence Army) စစ်ဦးစီးချုပ် ခင်ကျော်၏ ပြောဆိုချက်များကို ပြသမည်ဖြစ်ကြောင်း၊ ၎င်းနှင့် ဆက်စပ်ခဲ့သူများသည် ယခုပါဝါပွိုင့်တွင်ပြထားသည့် ဇယားအတိုင်းဖြစ်ပါကြောင်း၊ ၎င်းတို့ကို မတ် ၅ ရက်က ဖမ်းဆီးရမိခဲ့ပြီး ယခင်ကတည်းက ဖမ်းဆီးရမိခဲ့သည့် MMA ဖိုးသော်အဖွဲ့၊ မေ ၁၃ ရက်က ဖမ်းဆီးရမိခဲ့သည့် NLD မှ သိန်းနိုင် အဖွဲ့၊ ညီညီနှင့်အဖွဲ့စသည့် အဖွဲ့ ၂၁ ဖွဲ့နှင့် ဆက်စပ်သူဖြစ်ပါကြောင်း၊ ၎င်းတို့ကို သင်တန်းပေးခဲ့သူများ ဖြစ်ပါကြောင်း၊ ဆက်စပ်မှုများကို Board တွင် ပြထားပါကြောင်း ပြောကြားပြီး ခင်ကျော်၏ Video File ကို ပြသသည်။ ABSDF အဖွဲ့၊ စစ်ကော်မရှင်အတွင်းရေးမှူးဟောင်း၊ လက်ရှိ UNRA စစ်ဦးစီးချုပ်ဟောင်း၏ ပြောကြားချက်ဖြစ်ပါကြောင်း၊ ၎င်းသည် ရန်ကုန်နှင့် အောက်ပိုင်းတွင်ရှိသည့် GZ များကို စစ်သင်တန်းပေးခဲ့သူဖြစ်ပါကြောင်း၊ ၎င်းတို့၏အတွေ့အကြုံအရဆိုလျှင် ၁၉၈၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နှစ်ပေါင်း ၃၃ နှစ်တိုင် တည်ဆဲအစိုးရများကိုဆန့်ကျင်ပြီး တောထဲတွင် လက်တွေ့လုပ်ခဲ့သည့် လူတစ်ဦးဖြစ်ပါကြောင်း ပြောကြားသည်။

စတုတ္ထအနေဖြင့် ၁၉၈၈ ခုနှစ်ခန့်ကတည်းကတောခိုခဲ့သည့် UNRA အဖွဲ့က ပြည်ပဆက်ဆံရေးတာဝန်ခံ ကိုကိုနိုင် (ခေါ်) ဒေါနဲ၏ ပြောကြားချက်ကိုပြမည်ဖြစ်ကြောင်း၊ ၎င်းသည် အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူဖြစ်ပါကြောင်း၊ NUG အဖွဲ့၏ ကာကွယ်ရေးဝန်ကြီးဟု နာမည်ခံထားသူ NLD လွှတ်တော်အမတ်ဟောင်း ရည်မွန်၏အကြောင်း၊ အကြမ်းဖက်လုပ်ရပ်များနှင့်ဆက်စပ်မှု၊ လက်ရှိဖြစ်နေသည့် ဖြစ်ရပ်မှန်များ၊ ငွေရေးကြေးရေး အရှုပ်အထွေးများကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုကိုနိုင် (ခေါ်) ဒေါနဲ၏ Video File ကို ပြသသည်။ ၎င်းသည် ABSDF စတင်တည်ထောင်ကတည်းက ပါဝင်ခဲ့သူဖြစ်ပါကြောင်း၊ ၎င်းပြောသွားသည့်အထဲတွင် သစ်ခုတ်သမား၊ ပန်းပုထုသမားဆိုသည်များသည် ၎င်းတို့၏ စိတ်ထဲတွင် မည်သည့်အချိန်ကတည်းကတိုင် စတင်သုံးစွဲပြီး မှတ်မှတ်သားသားရှိနေသည်ကို မသိနိုင်ပါကြောင်း၊ ၎င်းတို့၏ ပြောကြားချက်အရ ထောက်ပံ့မှု ဒေါ်လာ ၉ သန်းရရှိထားသည် ဟု သိရပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဟု အမည်ခံထားသည့် ရည်မွန်၏ အကြောင်းပြချက်သည် ၄ သန်းကို CDM သမားများကို ထောက်ပံ့ပြီး ၅ သန်းရရှိရန်ရှိကြောင်း၊ GZ များ၊ တောတွင်းရောက်နေသူများ အနေဖြင့် ဘာမျှမရရှိသည်ကို လက်တွေ့မြင်တွေ့သူများ၏ ပြောကြားချက်များ ဖြစ်ပါကြောင်း၊ ဒေါ်လာ ၄ သန်းကို CDM သမားများမည်မျှရသည်ကို တွက်ကြည့်လျှင် ငွေရေးကြေးရေး အရှုပ်အရှင်းရှိနေသည်ကို သိနိုင်ပါကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုပြသခဲ့ခြင်းများသည် CRPH, NUG စသည့် အကြမ်းဖက်အဖွဲ့များ၊ NLD နှင့် NLD အစွန်းရောက်များ၊ ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်မှုများကြောင့် ယနေ့ပြခဲ့သည့်အထဲတွင် အောက်ကလုပ်နေသူ တစ်ဦးမှမပါပါကြောင်း၊ မန္တလေးတွင် မန္တလေး PDF ခေါင်းဆောင်၊ မီဒီယာအများစု ဆက်သွယ်နေသည့် မန္တလေး PDF ခေါင်းဆောင် ထွန်းတောက်နိုင် ဖိုင်ကိုပြသခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်ဘက်တွင် ရန်ကုန်နှင့် အောက်ဘက်တွင်ရှိသည့် GZ များကို သင်တန်းပို့ချနေသည့် ခေါင်းဆောင် ABSDF အဖွဲ့၊ စစ်ကော်မရှင် အတွင်းရေးမှူးဟောင်း ပြောကြားချက်များ၊ ၎င်းလှုံ့ဆော်မှုများကြောင့် ထဲထဲဝင်ဝင် ပတ်သက်မိခဲ့သည့် ခေါင်းဆောင်များ၏ ပြောဆိုချက်များ ဖြစ်ပါကြောင်း၊ နောက်ကွယ်က အကြောင်းအရာများသည် လူငယ်များ၊ ပြည်သူများကို ယခုခေတ်စကားဖြင့် ပြောရပါက ဂျင်းထည့်နေခြင်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါကြောင်း၊ ယခုလို ဂျင်းထည့်နေသည့် လူများက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အန္တရာယ်များဖြစ်ပါကြောင်း၊ ၎င်းတို့ကြောင့် လူငယ်များ၊ ပြည်သူလူထုများ ဆုံးရှုံးမှုကို လက်တွေ့ကြုံတွေ့နေရခြင်း ဖြစ်ပါကြောင်း၊ လူငယ်များ၊ ပြည်သူလူထုများကို သတင်းအမှား၊ ထင်မြင်ချက်အမှား၊ အတွေးမှားများ ဖြစ်လာစေရန် လုပ်ဆောင်နေသည့်သူများနှင့် မီဒီယာများကသာ ပြည်သူ့အန္တရာယ် "ဒလန်" များ ဖြစ်ပါကြောင်း၊ "ဒလန်" တင်မက တိုင်းပြည်ပျက်အောင်မွှေမည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင်မွှေမည့် တိုင်းဖျက်ပြည်ဖျက် အမွှေအဖွဲ့ "ဒလက်" များဖြစ်ကြောင်း သတိရှိကြရန် ပြောကြားလိုပါကြောင်း၊ ဒလန်၊ ဒလက်များဖြစ်ပြီး သတိရှိကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

❖ *ကျောဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၄၇၉) ခု | (၃၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၈) ခု | (၂၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၂၁၄) ခု | (၄၈၅) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၀၀) ခု | (၁၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၃၀) ခု | (၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၂၀) ခု | (၈၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၉၅) ခု | (၂,၂၂၂) ဦး |
| စုစုပေါင်း | (၁၁,၆၈၆) ခု | (၄,၀၄၇) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဂျပန်နိုင်ငံ အာတမီမြို့မှ ဒေသခံများ နေအိမ်သို့ပြန်လည်နေထိုင်ခွင့် အစီအစဉ် ဆိုင်းငံ့

**တိုကျို ဇူလိုင် ၁၃**

ဂျပန်နိုင်ငံအလယ်ပိုင်း အာတမီမြို့၌ သဘာဝဘေးကြောင့် နေအိမ်မှ ရွှေ့ပြောင်းကယ်ဆယ်ထားသော ပြည်သူများ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ခွင့်ပြုရန် အစီအစဉ်ကို အဆိုပါမြို့ရှိ အာဏာပိုင်များက ဆိုင်းငံ့ထားကြောင်း သိရသည်။

ရှီဇူအိုကာခရိုင်တွင် ဇူလိုင် ၁၂ ရက်မှစတင်ကာ သုံးရက်အကြာ ဒေသခံများနေအိမ်များသို့ ပြန်ခွင့်ပြုသည့်အစီအစဉ် စတင်ခဲ့သည်။ သို့သော်လည်း ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင်ဒေသခံများ နေအိမ်များသို့ သွားရောက်ရန် ခွင့်မပြုသေးဟု ဆုံးဖြတ်ချက်ချခဲ့သည်။

ဒေသခံများဇူလိုင် ၁၂ ရက်တွင် ၎င်းတို့၏ နေအိမ်များသို့ ပြန်သည့်အခါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့်အတွက် ယခုလိုဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အာတမီမြို့တွင်ဇူလိုင် ၃ ရက်က ရွှံ့နွံပြိုဆင်းမှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ အဆိုးဆုံးထိခိုက်ခံစားခဲ့ရသည့်နေရာများတွင် ကယ်ဆယ်ရေးသမားများသည် ၎င်းတို့၏ လက်များကို အသုံးပြုကာ ရွှံ့နွံများနှင့် အပျက်အစီးများကိုဖယ်ရှားပေးရန် လုပ်ဆောင်ခဲ့ကြသည်။

အင်န်အိတ်ချ်ကေ



ရှာဖွေကယ်ဆယ်ရေးပြုလုပ်နေသူများကို တွေ့ရစဉ်။



ဗြိတိန်တော်ဝင်မင်းသား ဝီလီယံနှင့် ကြင်ရာတော် ကိတ်မစ်ဒယ်တန်

## အင်ဒိုနီးရှားအနောက်ပိုင်းတွင် ခရီးသည်တင်သင်္ဘော မီးလောင်မှုဖြစ်ပွား

**ဂျကာတာ ဇူလိုင် ၁၃**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းတွင် ခရီးသည် ၁၀၉ ဦးကို တင်ဆောင်လာသည့် သင်္ဘောမှာ ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

သို့သော်လည်း ခရီးသည်များအားလုံးနှင့် သင်္ဘောအမှုထမ်းများအားလုံးကို လုံခြုံစိတ်ချစွာ ကယ်တင်နိုင်ခဲ့သည်ဟု အရာရှိတစ်ဦးကပြောသည်။

ဘန်ကာ ရေလက်ကြားကို ဖြတ်သန်းစဉ်အတွင်း အဆိုပါ သင်္ဘောမီးလောင်ခဲ့ခြင်း ဖြစ်သည်။

သင်္ဘောအင်ဂျင်ခန်းမှ မီး စတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု ကပူလာအန် ဘန်ကာဘီလီတန် ပြည်နယ်မှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် အက်စ်ဝင် အဘူနာဝါက ပြောသည်။

အဆိုပါ သင်္ဘောမှာ တောင်ပိုင်း ဆူမားတြားသို့ ဦးတည် ခုတ်မောင်းခဲ့ခြင်း ဖြစ်သည်။

သင်္ဘောပေါ်ရှိ ခရီးသည်များတွင် ကလေးခြောက်ဦးလည်း ပါဝင်သည်ဟု သိရသည်။

ယခုအခါ ခရီးသည်များ အားလုံးကို လုံခြုံစိတ်ချရသည် ဆိပ်ကမ်းသို့ ပို့ဆောင်ပေးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဆင်ဟွာ



သင်္ဘောမီးလောင်နေမှုကို တွေ့ရစဉ်။

## အင်္ဂလန်အသင်းမှ ကစားသမားများ လူမျိုးရေးတိုက်ခိုက်ခံနေရမှုအပေါ် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဗြိတိန်တော်ဝင်မင်းသားဝီလီယံတို့ ရှုတ်ချပြောဆို

**အင်္ဂလန် ဇူလိုင် ၁၃**

ယူရို ၂၀၂၀ ဘောလုံးပွဲစဉ်တွင် အီတလီအသင်းကို ရှုံးနိမ့်သွားပြီးနောက် အင်္ဂလန်အသင်းမှ လူမည်း ကစားသမား သုံးဦးမှာ အွန်လိုင်းပေါ်မှ လူမျိုးရေး တိုက်ခိုက်မှု၏ အဓိကပစ်မှတ်ဖြစ်လာခဲ့သည်။

အဆိုပါကစားသမားသုံးဦးမှာ ပင်နတီကန်သွင်းရာတွင် လွဲချော်ခဲ့ကြသူများဖြစ်သည်။ အွန်လိုင်းပေါ်တွင် ၎င်းတို့အပေါ် အပြစ်တင်ရှုတ်ချမှုများနှင့် ပြည့်နေသည်။

ဇူလိုင် ၁၂ ရက်က သတင်းထောက်များနှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့ တွေ့ဆုံရာတွင် ကစားသမားများအပေါ် လူမျိုးရေးခွဲခြားနှိမ့်ချဆက်ဆံသူများမှာ ရှက်စရာကောင်းလှကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်တော်ဝင်မင်းသား ဝီလီယံကလည်း လူမျိုးရေးခွဲခြားမှုမှာ လုံးဝလက်ခံနိုင်စရာ မရှိကြောင်းနှင့် ကစားသမားများမှာယခုကဲ့သို့ စက်ဆုတ်ရွံရှာဖွယ်အခြေအနေကို သည်းခံနေရသည်ဟု ပြောကြားခဲ့သည်။

တွစ်တာပေါ်တွင် ရေးသားထားသည့် လူမျိုးရေးခွဲခြားသည့် စာပေါင်း ၁၀၀၀ ကို ဖျက်ပစ်ခဲ့ရပြီး လူမျိုးရေးခွဲခြားမှုနှင့် ပတ်သက်ကာပြောဆိုမှုများကိုလည်း ယာယီပိတ်ပင်ထားခဲ့ရသည်ဟု သိရသည်။

ယခုအခါ လန်ဒန်မြို့မှ ရဲများသည် စုံစမ်းစစ်ဆေးမှုများ စတင်နေပြီဟုသိရသည်။

ဆင်ဟွာ

## တူရကီနှင့် အစ္စရေးသမ္မတတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**အန်ကာရာ ဇူလိုင် ၁၃**

တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်နှင့် အစ္စရေးသမ္မတ အိုဆက်ဟာဇော့တို့ ဇူလိုင် ၁၂ ရက် ဖုန်းဖြင့် ဆက်သွယ်ကာ ဆွေးနွေးခဲ့ကြသည်ဟု တူရကီ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးက ပြောသည်။

ရှေးဦးစွာ တူရကီသမ္မတက အိုဆက်ဟာဇော့ကို အစ္စရေးသမ္မတအဖြစ် ကျမ်းသစ္စာဆိုပွဲအတွက် ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ ကဏ္ဍအသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် အလားအလာကောင်းလာကြောင်း အထူးသဖြင့် စွမ်းအင်၊ ခရီးသွားနှင့် နည်းပညာပိုင်းတို့တွင်ဖြစ်သည်ဟု တူရကီ သမ္မတအာဒိုဂန်က ပြောသည်။

ကုလသမဂ္ဂမူဘောင်အတွင်းမှနေ၍ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအတွက် ရေရှည်တည်မြဲသည့်အဖြေရှာမှုအတွက်လည်း အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းက မျှော်လင့်လျက်ရှိသည်ဟု အာဒိုဂန်က ဆက်ပြောသည်။

ဆင်ဟွာ

## အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူတစ်ဦးကို လက်ဘနွန်မြောက်ပိုင်းတွင် ဖမ်းဆီးမိ

**ဘေရွတ် ဇူလိုင် ၁၃**

လက်ဘနွန်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက်က အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးဟု သံသယရှိသူတစ်ဦးကို လက်ဘနွန်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီးရရှိခဲ့သည်ဟု သိရသည်။

အဆိုပါ သံသယရှိသူမှာရဲနှစ်ဦးနှင့် မြောက်ပိုင်းရှိ ကာ့ဖ်တွန် ကျေးရွာအကြီးအကဲ၏ သားကို သတ်ဖြတ်ရာတွင် ပါဝင်ခဲ့သူဟု သိရသည်။ နောက်ထပ်စုံစမ်းစစ်ဆေးမှုများနှင့် တရားဥပဒေအရ လုပ်ဆောင်ရန် ၎င်းကို တရားစီရင်ရေးအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

လက်ဘနွန်နိုင်ငံ၏ ယာယီဝန်ကြီးချုပ် မိုဟာမက် ဖာ့မီကလည်း နိုင်ငံမြောက်ပိုင်းတွင် အကြမ်းဖက်သမားများက အဖွဲ့တည်ထောင်ကာ လုံခြုံရေးကို ထိပါးနှောင့်ယှက်မည့် သတင်းများရထားသည်ဟု ပြောသည်။

ဆင်ဟွာ

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

*ထက်လျှံ*

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



**အစီအစဉ်မှူး** ။ ။ ယခုလက်ရှိ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဒေါက်တာ သန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီကနေ့မှာ ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကာကွယ်ရေးအပိုင်းနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေနဲ့ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြည်သူတွေအတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးရရှိနိုင်မှု အခြေအနေတွေကို သိချင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ဒီအချိန်မှာ တတိယလှိုင်းရဲ့ မြင့်မားတဲ့ အပိုင်းကို ရင်ဆိုင်နေရတဲ့ ကာလဖြစ်တဲ့ အတွက်ကြောင့် ပြည်သူတွေအနေနဲ့ သိရှိလိုတဲ့၊ စိတ်ဝင်စားတဲ့ မေးခွန်းတွေဖြစ်မှာ သေချာပါတယ်။

နံပါတ် (၁) ဖြစ်တဲ့ ကာကွယ်ရေးအပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အမြဲတမ်းပြောပါတယ်။ ကျွန်တော်တို့ဌာနခွဲဆိုရင် ပိုစတာပေါင်းမြောက်မြားစွာကို ပထမလှိုင်းမတိုင်ခင်ကတည်းက ထုတ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးမှာလည်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲက ထုတ်တဲ့ ပိုစတာတွေကို ကော်ပီပြန်လုပ်ပြီး နေရာအနှံ့မှာရှိတာကို တွေ့နိုင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သုံးတဲ့ဆောင်ပုဒ်က "မိမိကစ၍ ကာကွယ်ပါ" ဖြစ်ပါတယ်။

"မိမိကစ၍ ကာကွယ်ပါ" ဆိုတာ ကာကွယ်ရေးအတွက် အင်မတန်မှ အရေးပါတဲ့ သတင်းစကားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုဗစ် – ၁၉ ရဲ့ ကူးစက်မှုတွေက လူတစ်ဦးနဲ့တစ်ဦး ထိတွေ့ရာကနေတစ်ဆင့် ဆက်တိုက်၊ ဆက်တိုက် ကူးစက်သွားတဲ့ သဘောရှိပါတယ်။ ဒီဗိုင်းရပ်စ်ပိုးက မြေထဲကနေ ထွက်ပေါ်လာတာ မဟုတ်ဘူး၊ လေထဲကနေ ကျလာတာမဟုတ်ဘူး၊ လူအချင်းချင်း ထိတွေ့ဆက်ဆံကူးလူးတာကနေတစ်ဆင့် ကူးစက်တာပါ။

ဒီလိုကူးစက်တဲ့နေရာမှာလည်း စိတ်ဝင်စားစရာကောင်းတဲ့အချက်က ကူးစက်ခံရတဲ့သူက ရောဂါပိုးရှိတဲ့သူရဲ့ နှာခေါင်း၊ ပါးစပ်ကနေထွက်လာပြီး တစ်ဖက်လူရဲ့ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးထဲကို တိုက်ရိုက်သို့မဟုတ် လက်ကနေတစ်ဆင့် ထိတွေ့ပြီး ဝင်ရောက်နိုင်ပါတယ်။ နောက်ပိုင်းမှာ ပိုပြီး သိရှိလာတာက အခုနောက်ပိုင်း မျိုးဗီဇပြောင်းလဲလာတဲ့ ဗိုင်းရပ်စ်တွေက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် တိုက်ရိုက်ဝင်ရောက်တာ ပိုများတာကို တွေ့ရပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့သည် အစပိုင်းတုန်းက ကာကွယ်ရေးနည်းလမ်းတွေ အများကြီးပြောခဲ့ကြပေမယ့် နောက်ပိုင်းမှာ Mask တပ်ဖို့၊ လက်ဆေးဖို့၊ တစ်ယောက်နဲ့ တစ်ယောက် (၆) ပေ အကွာ ခပ်ခွာခွာနေဖို့ ဒါတွေက အဓိကကျတဲ့ ကာကွယ်ရေးနည်းလမ်းတွေ ဖြစ်ပါတယ်။ ဒါတွေကို လူတိုင်းလူတိုင်းက ကျင့်သုံးမယ်ဆိုရင် ဒီရောဂါဆိုးကနေ ကျွန်တော်တို့ ကင်းဝေးမှာ ဖြစ်ပါတယ်။

ဒါပေမယ့် လူမှုအသိုက်အဝန်းမှာ တစ်ဦးနဲ့တစ်ဦးက ဆက်စပ်ထိတွေ့ရတဲ့ သဘာဝရှိတဲ့အခါကျတော့ ကျွန်တော်တို့က ဒီကာကွယ်ရေးနည်းလမ်းတွေကို အမြဲတမ်းမလိုက်နာနိုင်ဘူး။ တစ်နည်းအားဖြင့် ဒါကို New Normal လို့ ကျွန်တော်တို့က တင်စားပြီး ပြောတာပါ။ New Normal က New လည်းဖြစ်တယ်၊ Normal လိုလည်း နေရမယ်ဆိုတော့ ဒါကို အမြဲတမ်းမကျင့်သုံးနိုင်တဲ့အခါ ခုနကလို ထိတွေ့ဆက်စပ်မှုတွေကနေတစ်ဆင့် ရောဂါပိုးကူးစက်မှုတွေက တစ်ဦးနဲ့တစ်ဦး ပျံ့နှံ့သွားတာ ဖြစ်ပါတယ်။

ပြီးတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် ကူးစက်မှုအချိန် ကြာလာတာနဲ့အမျှ ကူးစက်တဲ့ ဦးရေများလာတာနဲ့အမျှ ဗိုင်းရပ်စ်ရဲ့ မူလပုံစံကနေ ပွားများလာပြီး မျိုးပြောင်းတာမျိုးဖြစ်တတ်ပါတယ်။ ဒါတွေကနေတစ်ဆင့် ဒီကူးစက်မှုတွေက လှိုင်းအသွင်နဲ့ တစ်ကမ္ဘာလုံးမှာ ဖြစ်ပွားနေခြင်းဖြစ်ပါတယ်။

ဒီလိုမဖြစ်အောင် ကာကွယ်ရမယ့်၊ ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်း၊ လူတိုင်း လိုက်နာဖို့လိုတယ်။ အထိရောက်ဆုံးနည်းလမ်းက Mask တပ်ခြင်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ကျင့်သုံးဖို့လိုတယ်။ ဒီထက်ပိုပြီး ထိရောက်တဲ့နည်းလမ်းက မိမိအိမ်မှာ နေထိုင်ခြင်းဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ မိမိအိမ်မှာပဲ နေထိုင်ရမယ့် အစီအစဉ်မှာပါဝင်တဲ့ မြို့တွေ၊ မိမိအိမ်မှာပဲ နေထိုင်သင့်တဲ့သူတွေကို ထုတ်ပြန်ပေးထားပါတယ်။ ဒီကာလမှာ မဖြစ်မနေ အပြင်ကိုထွက်တဲ့သူတွေကလည်း အိမ်ပြင်ကိုထွက်တာနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို အပြည့်အဝသတိထားပြီး လိုက်နာဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူက အိမ်ပြန်သွားလို့ မိသားစုထဲကို ရောက်သွားမယ်။ အဲဒီကနေပြီး သူနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းထဲကို ရောက်သွားမယ်။ အဲဒီကတစ်ဆင့် ပိုးကကူးစက်သွားနိုင်ပါတယ်။

ဒီတော့ တစ်မိသားစုနဲ့ တစ်မိသားစု တတ်နိုင်သမျှ ကိုယ့်အိမ်ထဲမှာ ကိုယ် နေလိုက်တဲ့အခါကျရင် ထိတွေ့မှု နည်းသွားမယ်။ ထိတွေ့မှုနည်းရင် ကူးစက်မှုနည်းမယ်။ ဒါဆိုရင် ရောဂါ မြန်မြန်ဦးကျိုးပြီး အမြစ်ပြတ်မယ်။ ဒါကြောင့် ကာကွယ်ရေးနည်းလမ်းထဲမှာ အထိရောက်ဆုံးနည်းလမ်းက မိမိအိမ်မှာ နေထိုင်ခြင်းဖြစ်ပါတယ်။ မဖြစ်မနေအိမ်အပြင်ထွက်တဲ့အခါကျရင်လည်း မဖြစ်မနေ Mask ကို တပ်ပါ။ အခြား အများသုံးပစ္စည်းတွေနဲ့ ထိတွေ့ပြီးရင် လက်ကို စက္ကန့် (၂၀) ကြာအောင် ဆေးပါ။ အခြားလူတွေနဲ့ ခပ်ခွာခွာနေပါ။ မျိုးဗီဇပြောင်းတဲ့ ဗိုင်းရပ်စ်ပိုးတွေက ကူးစက်မြန်တဲ့ အတွက်ကြောင့် လေဝင်လေထွက်မကောင်းတဲ့ လေလုံတဲ့အခန်းတွေကို ရှောင်ကြဉ်ဖို့ လိုပါတယ်။ ဒီအခြေခံအချက်တွေကို လိုက်နာဖို့ လိုပါတယ်။

ဒီအခြေခံအချက်တွေကိုလိုက်နာရင် ကာကွယ်ဆေး ရုတ်တရက်မရရှိသေးတဲ့အနေအထားမှာတောင် ကာကွယ်ဆေးထိုးသကဲ့သို့ ထိရောက်တယ်ဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနကျွမ်းကျင်ပညာရှင်တွေက တရားဝင်ပြောကြားထားပါတယ်။ ကာကွယ်ဆေးထိုးနှံတာက အကောင်းဆုံးဖြစ်ပြီး ကာကွယ်ဆေးမထိုးနှံရသေးတဲ့ကာလမှာ ဒီနည်းလမ်းတွေကို လိုက်နာတာက အကောင်းဆုံးဖြစ်ပါတယ်။

မိမိအနေနဲ့ ကာကွယ်ဆေးထိုးနှံပြီးရင်တောင် ကိုယ့်အိမ်သားတွေက အပြည့်အဝကာကွယ် ဆေးမထိုးနှံရသေးဘူးဆိုရင် ကာကွယ်ဆေးက ရောဂါပြင်းထန်စွာခံစားရမှုကနေ မိမိကို ကာကွယ်ပေးနိုင်ပေမယ့်၊ မိမိကိုယ်မှာ ပိုးက ခဏတွေ့နိုင်ပြီး တခြားသူတွေကို ကူးစက်နိုင်တဲ့ အခွင့်အလမ်း အနည်းအကျဉ်းရှိပါသေးတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာပေးဖို့ လိုအပ်ပါတယ်။ အဓိကအနေနဲ့ကတော့ မိမိအိမ်မှာ နေကြပါ။ မလိုအပ်ဘဲ အပြင်ကို လုံးဝမထွက်ပါနဲ့လို့ ကျွန်တော့်အနေနဲ့ အကြံပြုပန်ကြားအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ကာကွယ်ဆေးထိုးပြီးတဲ့ လူပေါင်း ၁ ဒသမ ၈ သန်းခန့် ရှိပါတယ်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးတဲ့သူ ရှိတယ်။ တစ်ကြိမ်ထဲ ထိုးထားတဲ့သူ ရှိတယ်။ နှစ်ကြိမ်ပြည့်ဖို့အတွက် ကာကွယ်ဆေး တစ်ကြိမ်သာ ထိုးထားတဲ့သူက ၃ သိန်း လောက်ရှိပါတယ်။ ဒါတွေအားလုံးပေါင်းလိုက်ရင် ဆေးထိုးပြီးသူ ၁ ဒသမ ၈ သန်းခန့် ရှိပါတယ်။ နောက်ထပ်လည်း ကျွန်တော်တို့မှာရှိတဲ့ ကာကွယ်ဆေး လက်ကျန်တွေနဲ့ ထပ်ထိုးပေးလျက်ရှိပါတယ်။ သတင်းကောင်းအနေနဲ့ နိုင်ငံတော်အကြီးအကဲ ပြောကြားချက်ထဲမှာလည်း ပါပါတယ်။ မကြာမီ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ လှူဒါန်းထားတဲ့ ကာကွယ်ဆေးနှစ်သန်းရောက်ပါမယ်။ သိပ်မကြာခင် ဒီလထဲကိုပဲ ကာကွယ်ဆေးတစ်သန်း ရောက်ပါမယ်။

နောက်ထပ်လည်း ကျွန်တော်တို့ ဝယ်ထားတာ ကာကွယ်ဆေး ၄ သန်းရှိပါတယ်။ ရှေ့လလောက်မှာ ရောက်မယ်။ အားလုံးပေါင်း ကျွန်တော်တို့က ကာကွယ်ဆေး ၆ သန်းလောက်ရရှိမှာ ဖြစ်ပါတယ်။ ဒီလထဲမှာ စတင်ရပြီး ရှေ့တစ်လ၊ နှစ်လအတွင်းမှာ ၄ သန်း အားလုံး ၆ သန်းထပ်ရမယ်။ ဒီအပြင် နောက်ထပ်ဒီနှစ်မကုန်ခင်မှာကိုပဲ ကာကွယ်ဆေး Dose ပေါင်း သန်းဆယ်ဂဏန်းနဲ့ချီပြီး ရဖို့ရှိပါတယ်။ ဒါတွေကလည်း ရောက်ရှိလာရင် ကြေညာပြီး ဗဟိုကော်မတီရဲ့ လမ်းညွှန်မှုခံယူပြီး ဦးတည် အုပ်စုတွေကို ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးမယ့် အကြောင်းကို ဒီနေရာက သတင်းကောင်း ပေးအပ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ သိပ်ပြီးကြာကြာတောင့်မခံရတော့ပါဘူး။ မကြာခင် နောက်ထပ် ၁၀ ရက်လောက်ဆိုရင် ပထမအသုတ် ကာကွယ်ဆေး တစ်သန်းကစပြီး ရောက်ရှိလာမယ့် အနေအထားရှိပါတယ်။ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် စီစဉ်လျက်ရှိပါတယ်ဆိုတာကို သတင်းကောင်းပေးလိုပါတယ်။

နောက်တစ်ခုက အောက်ဆီဂျင်ကိစ္စပါ။ မနေ့ကလည်း သတင်းစာရှင်းလင်းပွဲမှာ တင်ပြဆွေးနွေးခဲ့တာရှိပါတယ်။ အဓိက ကိုဗစ်ဖြစ်ရင် အောက်ဆီဂျင်ပေးရတယ်ဆိုတာ အခြေခံကုထုံး သဘောဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်လူနာက အောက်ဆီဂျင်ကျတဲ့အခါ အောက်ဆီဂျင်ပေးရတယ်။ ဒါပေမယ့်လည်း အောက်ဆီဂျင်က ဘယ်လိုလူရဲ့လက်ထဲမှာမှ ဒီကုထုံးက ထိရောက်သလဲဆိုရင် ကျန်းမာရေးဝန်ထမ်းက ကြီးကြပ်ကွပ်ကဲပြီး အောက်ဆီဂျင် Flow rate ကို ချိန်ရပါတယ်။ ဒီအောက်ဆီဂျင်က ဘယ်လောက်သန့်စင်သလဲ Purity ပေါ့။

ဒါက ဘယ်လောက်သန့်စင်သလဲ Medical Grade လား စက်မှုလုပ်ငန်းသုံးလား။ ဒီအပေါ်မှာ မူတည်ပြီး တွက်ရ၊ ချက်ရတာတွေရှိပါတယ်။ ကြားထဲမှာသုံးတဲ့ Filter တွေ သန့်ရှင်းစင်ကြယ်ဖို့ကအစ အတော့်ကို စကားပြောပါတယ်။ ကျွမ်းကျင်မှုလိုအပ်တဲ့ ကိစ္စတွေပေါ့နော်။ ဒါကြောင့် အောက်ဆီဂျင်ကုထုံး Oxygen Therapy လို့ တင်ပြရခြင်းဖြစ်ပါတယ်။ တကယ်လိုအပ်တဲ့လူအတွက် ကျွမ်းကျင်သူတွေရဲ့အကူအညီအနေနဲ့ တကယ်ရှူရရင် တကယ်ကောင်းပါတယ်။

ဒါပေမယ့် မလိုအပ်ဘဲ ရှူတဲ့အခါမှာတော့လည်း အခြားအန္တရာယ်တွေ ရှိနိုင်ပါတယ်။ သန့်သန့်ရှင်းရှင်းမဟုတ်တာတို့၊ ရှူရတာက Medical Grade မဟုတ်တာတို့ ဘယ်လိုပဲဖြစ်ဖြစ် ဘေးထွက်ဆိုးကျိုးတွေရှိနိုင်တဲ့အပြင် မီးဘေးကိုစိုးရိမ်ရတဲ့ အန္တရာယ်တွေလည်း ရှိပါတယ်။ နောက်ပြီး အောက်ဆီဂျင် Tank ထဲမှာ High Pressure နဲ့ ထည့်ထားတဲ့အခါ မလိုလားအပ်ဘဲ ပွင့်ထွက်တဲ့ကိစ္စတွေ၊ ဒါတွေကလည်း အမျိုးမျိုးရှိပါတယ်။ တကယ်မလိုအပ်ဘဲ ကြိုပြီးလှောင်ထားတာမျိုးတွေကလည်း မလိုလားအပ်ဘဲ ဈေးကွက်ထဲမှာ ဝယ်လိုအားတွေ တအားများနေပါတယ်။ ထုတ်လုပ်မှုအားနည်းပြီး ဝယ်လိုအားများမယ်ဆိုရင် ဈေးကွက်ထဲမှာ ရှားမယ်။ ဈေးတက်မယ်။ တန်းစီရတာတွေ ဖြစ်မယ်။ တကယ်တမ်းကျတော့ တကယ်လိုအပ်တဲ့လူ၊ ကျန်းမာရေးဝန်ထမ်းက တကယ်ထောက်ခံတဲ့လူ၊ ဆရာဝန်က ထောက်ခံပေးတဲ့လူ ဒီလိုဟာမျိုးတွေကပဲ ဝယ်ယူပြီး သုံးတဲ့အခါ ကျန်းမာရေးဝန်ထမ်းရဲ့ ကြီးကြပ်မှုနဲ့ သုံးသင့်ပါတယ်။

ဒီလိုဆိုရင်တော့ ဈေးကွက်ထဲမှာ မလိုလားအပ်ဘဲ အတင်းဝယ်ယူနေတဲ့ကိစ္စတွေ လျော့သွားပြီး တကယ်လိုတဲ့လူတွေဆီကို ရောက်မှာဖြစ်ပါတယ်။ ခုနပြောတဲ့ ထုတ်လုပ်တင်သွင်းမှုအပိုင်းဆိုရင်လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ အောက်ဆီဂျင်ထုတ်လုပ်နိုင်တဲ့ နေရာတွေကနေ စွမ်းအားပြည့် ထုတ်လုပ်ပြီး ဗဟိုကော်မတီရဲ့လမ်းညွှန်မှုနဲ့ ဆောင်ရွက်ပြီး စက်တွေ တော်တော်များများကလည်း ရာနှုန်းပြည့် လည်ပတ်နိုင်ပြီဖြစ်ပါတယ်။ အဲဒီတော့ စပြီးတော့ ပြည်တွင်းထုတ်လုပ်မှု တက်လာတာနဲ့အမျှ တကယ်လိုတဲ့လူတွေဆီကို ရောက်မယ်။ ဆေးရုံတက်နေရတဲ့ လူကတော့ ဆရာဝန်က ဆုံးဖြတ်ပြီး ဒီလူက အောက်ဆီဂျင်ပေးမှ ဖြစ်မယ်။ ဘယ်လောက် Flow rate နဲ့ ပေးရမယ်ဆိုရင် တကယ်လိုအပ်တဲ့ လူတွေက တကယ်ရမှာဖြစ်ပြီး ဈေးကွက်ထဲမှာ ဝယ်လိုအား ဂဏန်းတွေ လျော့သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ အမှန်တကယ်လိုအပ်နေသူတွေအတွက် ဆေးရုံတွေကို တိုက်ရိုက်သွားမယ့် Supply လမ်းကြောင်းတွေ ဒါတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုက မကြာခင်မှာပဲ အောက်ဆီဂျင်ဆလင်ဒါတွေ နယ်စပ်လမ်းကြောင်းကနေ တင်သွင်းနေတာရှိပါတယ်။ တချို့လည်း ရောက်နေပါပြီ။ နောက်တစ်ခုက Liquid Oxygen တွေကို တရုတ်ပြည်နယ်စပ်က တင်သွင်းမယ့်လမ်းကြောင်း ရှိပါတယ်။ မြဝတီလမ်းကြောင်းက တင်သွင်းမှာတွေကလည်း ဒီတစ်ပတ်ထဲမှာကို ရောက်မှာရှိပါတယ်။ တချို့ဆလင်ဒါတွေကိုဆိုရင် လေယာဉ်နဲ့ တင်သွင်းမယ့်အစီအစဉ်တွေကို ချမှတ်ထားပါတယ်။

ဒါတွေကလည်း နယ်စပ်ဖြတ်ကျော်ပြီး မကြာခင်မှာ လိုအပ်ချက်တွေကို ပြည့်မီသွားမယ့် အနေအထားကို ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် မကြာခင်မှာ တကယ်လိုအပ်တဲ့သူတွေ တကယ်ရဖို့အတွက် တကယ်ပြည့်စုံတဲ့အနေအထားရဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှု၊ ဆက်စပ်နှီးနွှယ်ဝန်ကြီးဌာနတွေနဲ့

*စာမျက်နှာ ၁၇ သို့*


ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID-19 ကို မိမိကစ၍ကာကွယ်ပါ
အဓိကသတင်းစကား (၁၀) ချက်
HAND SANITIZER Alcohol 60% +


Facility Quarantine
USAID FROM THE AMERICAN PEOPLE
From the People of Japan
World Health Organization
unicef


ပါးစပ်နှင့် နှာခေါင်းစည်း (MASK)
စနစ်တကျဝတ်ဆင်ခြင်း
USAID
World Health Organization
unicef


ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကာကွယ်ပါ
ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ
သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ
ကာကွယ်နိုင်မည့်နည်းလမ်းများ
Version 1.3

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကြော်ငြာစာအမှတ် ၂/၂၀၂၁
## (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ ကုသရေးဦးစီးဌာနရှိ ဆေးရုံများနှင့် COVID–19 ရောဂါ ကုသရေးဌာနများတွင် လုပ်ငန်းလိုအပ်ချက်နှင့်အညီ လက်ထောက်ဆရာဝန်အဖြစ် စာချုပ်စနစ်ဖြင့် ခန့်ထားလိုပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဆေးပညာဘွဲ့ (M.B., B.S.)နှင့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့်အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ) ကိုင်ဆောင်ထားသူ ဆေးပညာဘွဲ့ ရရှိပြီးသူဖြစ်ရမည်။(သို့မဟုတ်) အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် အလုပ်သင်ဆရာဝန် ပြီးဆုံးကြောင်း ထောက်ခံစာ(သို့မဟုတ်) အထွေထွေဆေးကုသခွင့် လိုင်စင်(ဆမ)တင်ပြနိုင်သူ ဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (င) စာချုပ်သက်တမ်း (၆)လ သတ်မှတ်မည်ဖြစ်ပြီး စာချုပ်စည်းကမ်းအတိုင်းမပျက်မကွက် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပေးပို့ရန်–
- (က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ လိပ်မူ၍ (၁၃–၈–၂၀၂၁) ရက်နေ့၊ ညနေ (၄)နာရီအရောက် လျှောက်ထားရမည်။
- (ခ) လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည့်အချက်အလက်များ
  - (၁) ဘွဲ့လက်မှတ် (မိတ္တူ) (သို့မဟုတ်) အလုပ်သင်ဆရာဝန်ပြီးဆုံးကြောင်း ထောက်ခံစာ
  - (၂) ဆေးကုသခွင့်လိုင်စင်(ဆမ) (မိတ္တူ)
  - (၃) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင်
  - (၄) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲစခန်းထောက်ခံစာမူရင်း
  - (၅) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ဆေးထောက်ခံစာမူရင်း
  - (၆) လျှောက်လွှာပုံစံတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသောရောင်စုံလိုင်စင်ဓာတ်ပုံ (၁)ပုံကပ်ရန်
  - (၇) ယခင်တာဝန်ထမ်းဆောင်ခဲ့သော ပြည်သူ့ဆေးရုံ/ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ အဖွဲ့အစည်းအမည်များနှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကာလများကို သတ်မှတ်ထားသော ကိုယ်ရေးမှတ်တမ်းပုံစံတွင်ဖြစ်စေ၊ သီးခြားဖြစ်စေ ပြည့်စုံစွာဖော်ပြရန်၊
  - (၈) တာဝန်ထမ်းဆောင်လိုသည့် ဆေးရုံ/ဌာနများကို ပထမ၊ ဒုတိယ၊ တတိယဦးစားပေး အစီအစဉ်ဖြင့် ဖော်ပြရန်။

၄။ လက်ထောက်ဆရာဝန် ပုံသေလစာ (ပုံသေလစာ–၂၇၅,၀၀၀ကျပ်နှုန်း)ဖြင့် သတ်မှတ်ခန့်ထားမည်ဖြစ်ပြီး အခြားစရိတ်များလည်း ခံစားခွင့်ရမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည့် အစီအစဉ်ကို လျှောက်ထားသူတစ်ဦးချင်းထံသို့အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၆။ ကန်ထရိုက်စနစ်ဖြင့် တာဝန်ထမ်းဆောင်သူများအနေဖြင့် ဆက်လက်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက စာချုပ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလများကို ဝန်ထမ်းရေးရာ အကျိုးခံစားခွင့်များ ရရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ "အစမ်းခန့် ကာလ" အဖြစ် ပြောင်းလဲသတ်မှတ်ပြီး ထည့်သွင်းရေတွက်ပေးမည် ဖြစ်ပါသည်။

၇။ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ဆောင်ရွက်မှုများအတွက် ဂုဏ်ပြုချီးမြှောက်မှုများ ပြုလုပ်ပါက အမြဲတမ်းကျန်းမာရေးဝန်ထမ်းများနည်းတူ အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်ပေးမည် ဖြစ်ပါသည်။

၈။ စုံစမ်းမေးမြန်းလိုသည်များရှိပါက ရုံးချိန်အတွင်း ဖုန်း–၀၆၇၃၄၁၁၆၂၁သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုသရေးဦးစီးဌာန၊ နေပြည်တော်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကြော်ငြာစာအမှတ် ၃/၂၀၂၁
## (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ဆေးရုံများနှင့် COVID–19 ရောဂါ ကုသရေးဌာနများတွင် လုပ်ငန်းလိုအပ်ချက်နှင့်အညီ သူနာပြု သားဖွားများအဖြစ် ကန်ထရိုက်စာချုပ်စနစ်ဖြင့် ခန့်ထားလိုပါ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) သူနာပြုသိပ္ပံဘွဲ့ (သို့မဟုတ်) သူနာပြု ဒီပလိုမာ (သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ(သို့မဟုတ်) ဘက်စုံသားဖွား (၁၈)လ သင်တန်းအောင်လက်မှတ် ရရှိပြီးသူဖြစ်ရမည်၊
- (ဂ) သူနာပြု (သို့မဟုတ်)သားဖွားလိုင်စင် ကိုင်ဆောင်ထားသူ ဖြစ်ရမည်၊
- (ဃ) လျှောက်လွှာပိတ်သည့်နေ့ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
- (င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊
- (စ) စာချုပ်သက်တမ်း (၆)လ သတ်မှတ်မည်ဖြစ်ပြီး စာချုပ်စည်းကမ်းအတိုင်း မပျက်မကွက် တာဝန်ထမ်းဆောင်ရမည်၊

၃။ လျှောက်လွှာပေးပို့ရန်–
- (က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍(၁၃–၈–၂၀၂၁) ရက်နေ့၊ ညနေ (၄)နာရီအရောက် လျှောက်ထားရမည်။
- (ခ) လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည့်အချက်အလက်များ–
  - (၁) ဘွဲ့/ဒီပလိုမာ သင်တန်းအောင်လက်မှတ် (မိတ္တူ)၊
  - (၂) သူနာပြု သားဖွားလိုင်စင် (မိတ္တူ)၊
  - (၃) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင်၊
  - (၄) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းထောက်ခံစာမူရင်း၊
  - (၅) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာမူရင်း၊
  - (၆) လျှောက်လွှာပုံစံတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသောရောင်စုံလိုင်စင်ဓာတ်ပုံ (၁)ပုံကပ်ရန်၊
  - (၇) ယခင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်သူ့ဆေးရုံ/ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ အဖွဲ့အစည်းအမည်များနှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသောကာလများကို သတ်မှတ်ထားသော ကိုယ်ရေးမှတ်တမ်းပုံစံတွင် ဖြစ်စေ၊ သီးခြားဖြစ်စေ ပြည့်စုံစွာဖော်ပြရန်၊
  - (၈) တာဝန်ထမ်းဆောင်လိုသည့် ဆေးရုံ/ဌာနများကို ပထမ၊ ဒုတိယ၊ တတိယဦးစားပေး အစီအစဉ်ဖြင့် ဖော်ပြရန်။

၄။ သူနာပြု ပုံသေလစာ (ပုံသေလစာ–၁၉၈,၀၀၀ကျပ်) နှင့် စားစရိတ်– ၂၀,၀၀၀ ကျပ် + ဝတ်စုံ စရိတ် ၂,၀၀၀ ကျပ်ဖြင့် သတ်မှတ်ခန့်ထားမည်ဖြစ်ပါသည်။

၅။ သားဖွားဒီပလိုမာ/ သင်တန်းအောင်လက်မှတ်ရရှိသူဖြစ်ပါက (ပုံသေလစာ–၁၈၀,၀၀၀ကျပ်) နှင့် စားစရိတ်– ၂၀,၀၀၀ ကျပ် + ဝတ်စုံ စရိတ် ၂,၀၀၀ ကျပ်ဖြင့် သတ်မှတ်ခန့်ထားမည် ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ်ကို လျှောက်ထားသူတစ်ဦးချင်းထံသို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၇။ ကန်ထရိုက်စနစ်ဖြင့် တာဝန်ထမ်းဆောင်သူများအနေဖြင့် ဆက်လက်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက စာချုပ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလများကို ဝန်ထမ်းရေးရာ အကျိုးခံစားခွင့်များ ရရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ "အစမ်းခန့်ကာလ" အဖြစ် ပြောင်းလဲသတ်မှတ်ပြီး ထည့်သွင်းရေတွက်ပေးမည် ဖြစ်ပါသည်။

၈။ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ဆောင်ရွက်မှုများအတွက် ဂုဏ်ပြုချီးမြှောက်မှုများပြုလုပ်ပါက အမြဲတမ်းကျန်းမာရေးဝန်ထမ်းများနည်းတူ အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်ပေးမည် ဖြစ်ပါသည်။

၉။ စုံစမ်းမေးမြန်းလိုသည်များရှိပါက ကုသရေးဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)သို့ ရုံးချိန်အတွင်း ဖုန်း–၀၆၇၃၄၁၁၆၁၄၊ ၀၆၇၃၄၁၁၃၈၆ တို့သို့လည်းကောင်း၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ကုသရေးဦးစီးဌာနများသို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုသရေးဦးစီးဌာန၊ နေပြည်တော်

# COVID-19 ရောဂါကုသရေးတွင် အထောက်အကူပြုစေရန်အတွက် တပ်မတော်က အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၃**

COVID–19 ရောဂါခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်အနေဖြင့် အောက်ဆီဂျင်အိုးများကို ဆေးရုံများနှင့် COVID–19 ရောဂါ ကုသရေးဌာနများအရောက် သွားရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၆၀ ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ မန္တလေးမြို့ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများကလည်းကောင်း တပ်မတော် Oxygen Plant များမှ အောက်ဆီဂျင်များ ဖြည့်သွင်းပြီး တပ်မတော် မော်တော်ယာဉ်များဖြင့် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် စေတနာ့ဝန်ထမ်းများ ပူးပေါင်းကူညီနိုင်ပါရန် မေတ္တာရပ်ခံခြင်း

၁။ ယခုအခါ နိုင်ငံအတွင်း COVID–19 ကပ်ရောဂါ တတိယလှိုင်းအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID–19 ရောဂါ သံသယလူနာနှင့် COVID–19 ရောဂါ ပိုးတွေ့လူနာ များပြားလျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် စေတနာအပြည့်အဝထားကာ အထူးကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့သော် အချို့ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်ပျက်ကွက်နေ၍ လူအင်အား မပြည့်စုံခြင်းနှင့် အလွန်ကူးစက်မြန်သော ဗိုင်းရပ်စ်ကူးစက်နေခြင်းတို့ကြောင့် ဝန်နှင့်အား မမျှဖြစ်ကာ ရောဂါကာကွယ် ထိန်းချုပ်မှုနှင့် ကုသရေးတွင် အခက်အခဲများ ကြုံတွေ့လျက်ရှိပါသည်။

၃။ သို့ပါ၍ အများပြည်သူအကျိုးငှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများ၊ အသွားအလာ ကန့်သတ်ထားရှိသော နေရာများတွင် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းအလိုက် မိမိဆန္ဒအလျောက် တာဝန်ထမ်းဆောင်လိုသူများရှိပါက ပူးပေါင်းကူညီနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်–

(က) COVID–19 ရောဂါကုသရေးလုပ်ငန်း– ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်

(ခ) ဆေးရုံသုံးပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း – ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ

(ဂ) လူနာသတင်းအချက်စီမံခန့်ခွဲမှုလုပ်ငန်း– သတင်းအချက်အလက် နည်းပညာ ကျွမ်းကျင်သူ

(ဃ) လူနာလွှဲပြောင်းပေးပို့ခြင်းလုပ်ငန်း

(င) COVID–19 ရောဂါ ကာကွယ်ရေးထိုးလုပ်ငန်း– ကာကွယ်ဆေးထိုးသူများနှင့် ပတ်သက်၍ သတင်းအချက်အလက် မှတ်တမ်းစာရင်းသွင်းခြင်း ကွန်ပျူတာ ကျွမ်းကျင်သူများ၊ Data Assistants များ

၄။ စိတ်ပါဝင်စားသူ တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Call Center (၀၆၇–၃၄၁၁၅၀၈, ၀၆၇–၃၄၁၁၅၀၉, ၀၆၇– ၃၄၁၁၁၄၄) သို့ သတင်းပေးပို့ ဆက်သွယ်နိုင်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်ရှိသည့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနများနှင့် ဆေးရုံအုပ်ကြီးရုံးများသို့ ဆက်လက်ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေး၊ COVID–19 ရောဂါ ကာကွယ်ရေးလုပ်ငန်း လိုအပ်ချက်နှင့် လူနာလွှဲပြောင်းပေးပို့ခြင်းတွင် စက်သုံးဆီလိုအပ်ချက်အတွက် တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၅။ မိမိ မိသားစုနှင့် ပတ်ဝန်းကျင်မိတ်ဆွေများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသူများရှိပါကလည်း COVID–19 ရောဂါကုသရေးဌာနများတွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး မိဘပြည်သူများအနေဖြင့် တိုက်တွန်းပေးပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

*စာမျက်နှာ ၁၄ မှ*

အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးမှု၊ အလှူရှင်တွေရဲ့ ပံ့ပိုးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အတွက် အောက်ဆီဂျင်ကိစ္စကလည်း ပြေလည်လာစရာ လမ်းကြောင်းရှိတဲ့အကြောင်း သတင်းကောင်း ပါးလိုပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ ကျန်းမာရေးအပိုင်းဆိုရင် ပြည်သူတွေရဲ့ ကျန်းမာရေးကို ဝန်ဆောင်မှုပေးရတာဖြစ်တဲ့အတွက် တတ်နိုင်သမျှ အကောင်းဆုံး အရည်အသွေး အပြည့်ဝဆုံး ဝန်ဆောင်မှုကို ပေးချင်ပါတယ်။ ဒီဘက်က ကျန်းမာရေးပညာရှင်တွေအနေနဲ့လည်း ဒါကိုရဖို့ မိမိတို့ အင်အားရှိသရွေ့ အစွမ်းကုန်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အခိကပြန်ပြီးတင်ပြရရင် ကိုဗစ်ရောဂါလက္ခဏာတွေရှိတယ်။ အထင်ရှားဆုံးက အနံ့ပျောက်သွားမယ်။ နောက်ပြီး အများနဲ့ ဆက်စပ်တဲ့ နေရာတွေသွားလာခဲ့မယ်။ ရုတ်တရက် ဖျားမယ်။ ချောင်းဆိုးမယ်။ အသက်ရှူရခက်ခဲမယ်။ ဒီထက်ပိုပြီး သိသာတာက အောက်ဆီဂျင်ကျသွားမယ်။ ဒါမျိုးတွေဖြစ်လာရင် ဘယ်သွားရမယ်ဆိုတဲ့ လမ်းကြောင်းလည်းရှိပါတယ်။

ကိုယ့်ကိုယ်ကိုယ် ဖြစ်တယ်လို့ သံသယရှိလာရင် ဘယ်ကိုမှမသွားခင် တတ်နိုင်သမျှ သူများတွေနဲ့ အထိအတွေ့နည်းဖို့ လိုပါတယ်။ အကောင်းဆုံးအကြံပေးချင်တာက အရင်ဆုံးကိုယ့်ကိုယ်ကိုယ် သံသယရှိပြီဆိုတာနဲ့ မက်စ်ကို အရင်ဆုံးတပ်ပါ။ ဖြစ်နိုင်ရင် လက်အိတ်စွပ်ထားပါ။ ကိုယ်နဲ့ဆက်စပ်တဲ့ မိသားစုတွေက ကာကွယ်ဆေးထိုးထားသူတွေဆိုရင်တော့ ပိုကောင်းပါတယ်။ ကာကွယ်ဆေးထိုးပြီးသူ မဟုတ်ရင်လည်း လူငယ်လူရွယ်ထဲက အကူအညီတောင်းပါ။ အခိက ကိုယ့်ကိုယ် ကိုယ် ထင်ပြီဆိုတာနဲ့ အိမ်မှာရှိတဲ့ အသက် ၆၀ ကျော် အသက်အရွယ်ကြီးရင့်တဲ့ လူတွေ၊ ပြီးတော့ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါရှိတဲ့ လူတွေအနားကို လုံးဝမသွားမိဖို့ လိုပါတယ်။ သူတို့က ဒီရောဂါကို ခံစားရရင် အသက်အန္တရာယ်ရှိတဲ့အတွက် ဖြစ်ပါတယ်။

ဒါကြောင့် နံပါတ်တစ်က မက်စ်တပ်ပါ။ ကျန်တဲ့လူတွေနဲ့ ထိတွေ့မှုအနည်းဆုံးနေပါ။ ဆေးရုံ ဆေးခန်းသွားဖို့ ပြုစုဖို့ အကူအညီတောင်းရင်လည်း မိသားစုထဲက အသက်ငယ်ပြီး ရောဂါအခံမရှိတဲ့လူကို အကူအညီတောင်းပါ။ ဒါပြီးရင် ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ကျေးလက်ဆိုရင်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိတယ်။ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ ဒီလိုသွားပါတယ်။ မြို့ပေါ်မှာဆိုရင်လည်း ဒေသန္တရကျန်းမာရေးဌာန ရှိတယ်။ မြို့နယ်ကျန်းမာရေးဦးစီးမှူးဌာနရုံးတွေရှိတယ်။ အဲဒါတွေကနေ တိုင်းကျန်းမာရေးဦးစီးဌာန၊ ဆေးရုံတွေ၊ ဗဟိုအဆင့်ဆေးရုံကြီးတွေ ရှိတယ်။ တချို့မြို့နယ်တွေ ဆိုရင်လည်း မြို့နယ်ဆေးရုံတွေရှိတယ်။ မိမိအပိုင် ဒေသန္တရ သို့မဟုတ် မြို့နယ်ကျန်းမာရေးဦးစီးမှူးဌာနကို ဆက်သွယ်ဖို့ အကြံပြုလိုပါတယ်။

အထူးသဖြင့် လတ်တလောမှာ ရန်ကုန်မြို့က ကူးစက်မှုလည်းများတယ်။ လူနာတွေအနေနဲ့ ဘယ်ကိုသွားရမယ်ဆိုတဲ့ အချက်အလက်ကိုလည်း သိချင်နေတဲ့ အချိန်ကာလလည်းဖြစ်တယ်။ အဲဒီအခါကျတော့ ဆရာဝန်ရဲ့ ထောက်ခံချက်နဲ့ ကိုဗစ် – ၁၉ Swab စစ်ဆေးပေးတဲ့ မြို့နယ်တွေ ရှိနေပါပြီ။ အရှေ့ပိုင်းခရိုင်မှာဆိုရင် မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ သာကေတ၊ သဃ်္ဃန်းကျွန်း၊ မင်္ဂလာတောင်ညွန့် အရှေ့ပိုင်းခရိုင်မှာ ၉ ခုရှိပါတယ်။

အနောက်ပိုင်းခရိုင်မှာ ကြည့်မြင်တိုင်၊ ဗဟန်း၊ ပန်းဘဲတန်း၊ ကမာရွတ်၊ လှိုင်၊ ဒဂုံ ၆ နေရာ ဖြစ်ပါတယ်။ တောင်ပိုင်းခရိုင်မှာ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ တွံတေး၊ ခရမ်း၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ ၉ နေရာဖြစ်ပါတယ်။ မြောက်ပိုင်းခရိုင်မှာ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ မင်္ဂလာဒုံ၊ ထန်းတပင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန် ၈ နေရာဖြစ်ပါတယ်။ အားလုံးပေါင်းလိုက်ရင် ၃၂ နေရာရှိနေပြီဖြစ်ပါတယ်။

ဒီအပြင် ရန်ကုန်မြို့လယ် လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ပန်းဘဲတန်းဆိုရင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွေနဲ့ ဒေသန္တရမှာ နေရာအခက်အခဲကြောင့် လူအများကြီး စစ်ဆေးဖို့ အခက်အခဲရှိရင် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှာ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေရဲ့ ထောက်ခံမှုနဲ့ သွားရောက်စစ်ဆေးနိုင်ပါတယ်။ ဒါကိုလည်း ဖွင့်လှစ်ထားတာ ၂ ရက်ရှိပါပြီ။ အဲဒီလိုနေရာတွေမှာ စစ်ဆေးပြီး Negative ဖြစ်တယ်ဆိုရင် အိမ်မှာပဲပြန်ပြီး Home Quarantine လုပ်ရမှာဖြစ်ပါတယ်။ Positive ဖြစ်တယ်ဆိုရင် ဆရာဝန်ကြီးတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေက အမျိုးအစားခွဲပါတယ်။ ပြင်းထန်တယ်ဆိုရင် ဆေးရုံသွားသင့်တယ်။ ဘယ်ဆေးရုံသွားရမယ်ဆိုတာကို ဆေးရုံခုတင်တွေကို စီမံခန့်ခွဲတဲ့ကော်မတီတွေနဲ့ ချိတ်ဆက်ပြီး လူနာရဲ့ ပြင်းထန်မှုအပေါ် မူတည်ပြီး နေရာချပေးတဲ့အပိုင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အစီအစဉ်မှူး** ။ ။ ဟုတ်ကဲ့ပါ။ အခုလို ပြည်သူတွေသိလိုတဲ့ အကြောင်းတွေကို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

---

## ၁၃ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၇၆၆၄၀၄ | ၂၉၂၇၄၃၄၉ | ၆၂၃၀၂၉ |
| ၂။ | အိန္ဒိယ | ၃၀၉၀၇၂၈၂ | ၃၀၀၆၃၇၂၀ | ၄၀၉၃၃၈ |
| ၃။ | ဘရာဇီး | ၁၉၁၀၆၉၇၁ | ၁၇၆၆၆၆၅၄ | ၅၃၄၃၁၁ |
| ၄။ | ရုရှား | ၅၈၃၃၁၇၅ | ၅၂၃၆၂၁၄ | ၁၄၄၄၉၂ |
| ၅။ | ပြင်သစ် | ၅၈၁၃၈၉၉ | ၅၆၄၈၆၄၉ | ၁၁၁၃၅၃ |
| ၆။ | တူရကီ | ၅၄၈၆၉၅၉ | ၅၃၅၄၈၅၀ | ၅၀၂၇၈ |
| ၇။ | ဗြိတိန် | ၅၁၅၂၄၃ | ၄၃၆၂၈၅၈ | ၁၂၈၄၃၁ |
| ၈။ | အာဂျင်တီးနား | ၄၆၆၂၉၃၇ | ၄၃၀၀၈၂၃ | ၉၉၂၅၅ |
| ၉။ | ကိုလံဘီယာ | ၄၅၃၀၆၁၀ | ၄၂၇၆၄၆၅ | ၁၁၃၃၃၅ |
| ၁၀။ | အီတလီ | ၄၂၇၂၁၆၃ | ၄၁၀၃၉၄၉ | ၁၂၇၇၈၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ – ၇ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၆၁၅၅၂၉ | ၂၁၃၉၆၀၁ | ၆၈၂၁၉ |
| ဖိလစ်ပိုင် | ၁၄၈၁၆၆၀ | ၁၄၀၈၆၃၄ | ၂၆၀၉၂ |
| မလေးရှား | ၈၅၅၉၄၉ | ၇၅၃၃၂၈ | ၆၃၈၅ |
| ထိုင်း | ၃၅၃၇၁၂ | ၂၅၅၄၅၅ | ၂၈၄၇ |
| မြန်မာ | ၂၀၁၂၇၄ | ၁၄၉၇၆၇ | ၄၀၃၆ |
| စင်ကာပူ | ၆၂၇၄၄ | ၆၂၄၃၂ | ၃၆ |
| ကမ္ဘောဒီးယား | ၆၂၇၀၀ | ၅၄၄၈၉ | ၉၅၃ |
| ဗီယက်နမ် | ၃၂၆၆၅ | ၉၃၃၀ | ၁၂၅ |
| လာအို | ၂၈၂၅ | ၂၁၇၄ | ၃ |
| ဘရူနိုင်း | ၂၇၇ | ၂၅၆ | ၃ |

## တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ် ဒဟက်ကန်ကျေးရွာ၌ မြေသားမိုးရေလှောင်ကန် ပြန်လည်ပြုပြင်မည်

ညောင်ဦး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၁ ဒသမ ၂၆ သန်းဖြင့် ဒဟက်ကန်ကျေးရွာ၌ မြေသားမိုးရေလှောင်ကန်ကျိုးပေါက်မှု ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဒဟက်ကန်ကျေးရွာ၌ အိမ်ခြေ ၁၁၀၊ လူဦးရေ ၅၇၀ ရှိပြီး ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် မြေသားမိုးရေလှောင်ကန်မှာ ဇူလိုင် ၆ ရက်က ရွာသွန်းခဲ့သည့်မိုးဖြင့် ကန်အတွင်း မိုးရေအဝင်များပြီး ကျိုးပေါက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေး ပြန်လည်ပြုပြင်ပေးရန် အကူအညီများ လိုအပ်နေကြောင်း၊ အဆိုပါ မြေသား မိုးရေလှောင်ကန်ကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်က ပြောကြားသည်။

ထိုကဲ့သို့ပြုပြင်ရာတွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၁ ဒသမ ၂၆ သန်းဖြင့် ဒဟက်ကန်ကျေးရွာ၌ အလျားပေ ၂၀၀၊ အနံပေ ၁၀၀နှင့် အနက်ခြောက်ပေရှိ မြေသားမိုးရေလှောင်ကန်ကို ပြန်လည်ပြုပြင်တူးဖော်ပေးမည်ဖြစ်ပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်တည်ဆောက်ရေးနှင့် စိစစ်ရေးကော်မတီတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း၊ အဆိုပါမြေသား မိုးရေလှောင်ကန် ပြန်လည်ပြုပြင် တူးဖော်ပြီးပါက ဒဟက်ကန်ကျေးရွာအပါအဝင် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် မိုးရေပြန်လည်သိုလှောင်စုဆောင်းနိုင်မည်ဖြစ်သည့်အပြင် နွေ၊ မိုး၊ ဆောင်း သုံးရာသီ သောက်သုံးရေ ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

## ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ - စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ”စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ - စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၀၄ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်ပြီး တတိယအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ စာရေးသူ၏ အသက် ၁၆နှစ်အရွယ် တပ်သားသစ်ဘဝမှစတင်လျက် တပ်မတော်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်လျက် နိုင်ငံနှင့် ပြည်သူအတွက် တိုက်ပွဲဝင်အောင်မြင်ခဲ့သည့် စစ်ခေါင်းဆောင်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းစာအုပ် ဖြစ်သည်။

စာရေးသူသည် ၁၉၄၂ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ခိုက်ရန် မြန်မာ့လွတ်လပ်ရေး တပ်မတော် (BIA) သို့ ဝင်ရောက်ခဲ့ပြီး မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ဗိုလ်မှူးချုပ်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်တာဝန်တို့ကို အဆင့်ဆင့် ထမ်းဆောင်ခဲ့ပြီး တပ်မတော်တာဝန် ၃၃ နှစ်၊ နယ်ဘက်တာဝန် ၁၃နှစ်၊ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တပ်မတော်တွင် ထမ်းဆောင်စဉ်အတွင်း စစ်ဆင်ရေးအမျိုးမျိုး၊ တိုက်ပွဲအမျိုးမျိုး ဆင်နွှဲခဲ့ပုံ ကိုယ်တွေ့ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ် မှတ်တမ်းတင် ရေးသားထားသည်။ နိုင်ငံလွတ်လပ်ရေး မရမီ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည့် အတွေ့အကြုံများ၊ လွတ်လပ်ရေးရပြီးသည့်နောက် နှစ်ပေါင်း သုံး၊ လေးဆယ်တိုင်အောင် ပြည်တွင်းရောင်စုံသူပုန် သောင်းကျန်းသူတို့ကို စစ်ဆင်ရေးပြီး စစ်ဆင်ရေးအသွင် တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲအတွေ့အကြုံများကို အချက်အလက်တိကျစွာ၊ အရေးအသား သွက်လက်စွာ တင်ပြရေးသားထားသည်။




စာရေးသူက “ဤဖြစ်ရပ်တွေက တကယ့်ဖြစ်ရပ်တွေဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မြန်မာ့တပ်မတော်သည် ရောင်စုံသူပုန်သောင်းကျန်းသူတွေအပေါ် တရားတဲ့စစ်ပွဲတွေဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ ရဲဘော်တွေရဲ့ နောင်တော်တွေဟာ မည်ကဲ့သို့ တိုက်ခိုက်ပြီး ကျော်လွှားခဲ့ရသည့် ဖြစ်ရပ်တွေကို နောင်လာနောက်သား ညီငယ်အရာရှိ အကြပ်တပ်သားတွေအားလုံးကို သိစေချင်ပါသည်” ဟု အမှာတွင် ရေးသားထားပြီး နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန် တပ်မတော်သားများသည် ဖွဲ့စွမ်းရည် တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကို ချစ်သည့် စိတ်ဓာတ်လိုအပ်ကြောင်း နှိုးဆော်ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ ၄၃၇ မျက်နှာ ပါဝင်ပြီး၊ အပိုင်း (၇) ပိုင်းခွဲကာ ကိုးကားသော စာအုပ် စာတမ်းများ၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ပြည့်စုံ ဝေဆာစွာ ရေးသားထားသည်။ တန်ဖိုးငွေကျပ်၆၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေ ဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန

## မော်တော်ယာဉ်များဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် မော်တော်ယာဉ်ဝယ်ယူခြင်းအတွက် အခွန်ကိစ္စစိစစ် ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံများအား တုပပြုလုပ်ခြင်းမှ ကာကွယ်တားဆီးနိုင်ရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် မော်တော်ယာဉ်ဆိုင်ရာ အခွန်စည်းကြပ်မှုများကို စနစ်တကျ မှတ်တမ်းတင်စစ်ဆေးနိုင်ရေးတို့အတွက် အခွန်ဆိုင်ရာကိစ္စရပ်များ စိစစ်ဆောင်ရွက်ပြီးစီးပါက အခွန်ထမ်းသို့ ထုတ်ပေးသည့် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံတွင် မော်တော်ယာဉ်ဝယ်ယူသူ၏ သတင်းအချက်အလက်များနှင့် မော်တော်ယာဉ်ဆိုင်ရာ သတင်းအချက်အလက်များကို QR Scanner Application ဖြင့် စိစစ်နိုင်မည့် လုံခြုံမှုအဆင့်အတန်းပါဝင်သော IRD Documentation Stamp Label ကပ်နှိပ်၍ ထုတ်ပေးခြင်းအား ၁-၆-၂၀၂၀ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံတွင် ကပ်နှိပ်ထားသည့် QR Code Stamp Label အား QR Scanner ဖြင့် ဖတ်ရှုခြင်းဖြင့် မိမိအခွန်ထမ်းဆောင်မှုအတွက် ထုတ်ပေးသော ထောက်ခံချက်များကို မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးကြည့်ရှုနိုင်ပြီဖြစ်ပါသည်။

၃။ ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန်နှင့် တစ်ဦးတစ်ယောက်၏ အလွဲသုံးစားပြုမှုကြောင့် အချက်အလက်များမှားယွင်းမှုဖြစ်ပေါ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန

## စာချုပ်စာတမ်းများအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် အသိပေးနှိုးဆော်ခြင်း

၁။ ပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ တစ်ဦးချင်း ပုဂ္ဂိုလ်အချင်းချင်းအနေဖြင့်လည်းကောင်း ဆောင်ရွက်သည့်ကိစ္စရပ်အလိုက် တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ် မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတွင် ထိုက်သင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိပါက အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ခြင်း၊ မှန်ကန်ကြောင်း အသိအမှတ်ပြု သက်သေခံလက်မှတ်ရေးထိုးပေးခြင်းစသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၃။ စာချုပ်စာတမ်း တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ထိုက်သင့်တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိခြင်း သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ပမာဏ အပြည့်အဝထမ်းဆောင်ထားမှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိပါက ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် ထပ်မံထမ်းဆောင်ရမည့် လိုအပ်သော တံဆိပ်ခေါင်းခွန် ပမာဏအပြင် ယင်းပမာဏ၏ ၃ ဆ နှင့် ညီမျှသောငွေကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ စာချုပ်စာတမ်းအမျိုးအစားအလိုက် ထမ်းဆောင်ရမည့် ထိုက်သင့်တံဆိပ်ခေါင်းခွန်တန်ဖိုးနှင့် မည်သူက ပေးဆောင်ရမည် အစရှိသော မရှင်းလင်းသည့်ကိစ္စရပ်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်အလိုက် ချုပ်ဆိုသော စာချုပ်စာတမ်းများ သက်သေခံခိုင်မာမှုရှိစေရေးအတွက် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ဥပဒေနှင့်အညီ အပြည့်အဝ ထမ်းဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် | ၁၇:၃၅ | MRTV Travelouge |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၃၅ | လေ့လာစရာစုံလင် အဓိမြန်မာပြည်တစ်ခွင် | ၁၈:၂၅ | ပြည်တွင်းလက်မှုဝါဏ်ဆောင် ပခုက္ကူချည်ဆောင် |
| ၀၈:၃၅ | ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ | ၁၉:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၂၃) |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၁:၂၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | | |
| ၁၁:၄၅ | ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး | ၂၁:၀၀ | ဝဿာန်ဒါယီတေးသံသီ ပျော်ပြေမှုအစီအစဉ် |
| ၁၃:၃၀ | MRTV National News | ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၅) |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်' | | |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Daingnak Style |
| 07:40 | Myanmar Traditional Thatched Roofs: Nipa Palm |
| 07:56 | Dances of Myanmar: Tai Khun or Gon Traditional Dance |
| 08:01 | A Historic Town: 9 Pagodas |
| 08:14 | Home Grown Treasure (Part-2) |
| 08:35 | Mosaic Painting (Precious Stones & Gems) |
| 08:51 | Myanmar Childhood Games (Episode-2) |
| 09:01 | Kayin Child Boxer |
| 09:12 | Myanmar's Traditional Ceramics |
| 09:34 | A Life In The Ring |
| 09:50 | Popa Trip |
| 11:01 | Swan Hein Cave |
| 11:20 | Myanmar Big Circular Tray |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မာတာဖိခင်မပေမ့်စေချင်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ ဆိုရိုးစကားများ(အပိုင်း-၁)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ထူးခြားဆန်းပြားကရင်တူရိယာနှင့်တေးသံသာများ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
ချင်းပြည်နယ်၏အလှအပများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရာမညမြေမှ အငွေ့အနစ်များ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပုံးအင်းဒေသလေ့လော်ပြိုင်ပွဲ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လားရှိုးမြို့သို့ အလည်တစ်ခေါက်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | မြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# တင့်ဆွေ (ဖျာပုံ) ရေးသားသည့် "ကျောပိုးအိတ်လေးကို ချီကာလွယ်" စာအုပ် ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က တင့်ဆွေ (ဖျာပုံ) ရေးသားသည့် "ကျောပိုးအိတ်လေးကို ချီကာလွယ်" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ (စာပဒေသာ) ဆုရ စာအုပ်ဖြစ်ပြီး ပဌမအကြိမ် ထုတ်ဝေခြင်း ဖြစ်သည်။ ဇနီးအဖြစ် အနှစ် (၆၀) တိုင်တိုင် တာဝန်ကျရာ ဒေသအသီးသီးသို့ လိုက်ပါပြီး ခင်ပွန်းဖြစ်သူ ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ အလုပ်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ဖဝါးခြေထပ်အမြဲမခွဲဘဲ လိုက်ပါပါရမီဖြည့်ခဲ့ရသူ ဇနီးသည်ကို ရည်စူး၍ ရေးသားထားသည့် မှတ်တမ်းစာအုပ်ဖြစ်သည်။ မြေပြန့်တောင်ပေါ်၊ ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့ တာဝန်ကျရာဒေသများသို့ ကျောပိုးအိတ်လေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်ပါမကျန် တစ်ဦးနှင့်တစ်ဦး ချည်နှောင် တွယ်တာ လွယ်ပိုးခဲ့ရသူဖြစ်၍ ဇနီးသည်ကို စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးဟု တင်စားဖွဲ့နွဲ့ကာ စာအုပ်နာမည်ပေးထားခြင်း ဖြစ်သည်။

စာရေးသူသည် တပ်မတော်သားဘဝတွင် ရဲဘော်မှ ဗိုလ်မှူးချုပ်အထိ ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့ပြီး တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ တိုင်းမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်များ ထမ်းဆောင်ခဲ့ရပုံများကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံမှန်ကန်အောင် ရေးသားထားသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ လွတ်လပ်ရေးရရှိပြီးသောင်းကျန်းမှု ချေမှုန်းရေးကာလများတွင် တပ်မတော်၌ ကျရာတာဝန်များကို စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ စီမံရေးများ မည်ကဲ့သို့ ထမ်းဆောင်ခဲ့ရသည်ကို မှတ်တမ်းတင်ရေးသားထားသည်။

စာရေးသူသည် ၁၉၇၄ ခုနှစ်တွင် အရပ်ဘက်သို့ ပြောင်းရွှေ့ရပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးနှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးတာဝန်များကို ၁၉၈၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့ရပုံများကိုလည်း မှတ်တမ်းတင်ရေးသားထားသည်။ တာဝန်မှ အနားယူပြီးနောက် ဘဝနေဝင်ချိန်ကို မည်ကဲ့သို့ပြင်ဆင်ထားကြောင်းနှင့် ပြင်ဆင်မှုအားလုံးတွင် အမွေပေးခြင်းသည် အရေးကြီးဆုံးနှင့် နောက်ဆုံးပြင်ဆင်ထားမှုတို့ကို စာဖတ်သူတို့ လေ့လာ အသုံးချနိုင်ရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ (၃၉၇) မျက်နှာပါဝင်ပြီး အခန်းပေါင်း (၄၈) ခန်း ပါဝင်ကာ မှတ်တမ်းဓာတ်ပုံများ ကျေးဇူးတင်လွှာ၊ ကျမ်းကိုးစာရင်းများနှင့် ပြည်စုံဝေဆာစွာ ရေးသားထားသည်။ တန်ဖိုး (၇၅၀၀) ကျပ်ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၃-၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၆၄၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၇ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၀ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၂ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၃၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၅ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၁ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၀၁၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၉၆၆ | ၈၅၉၇၄၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၄၀၁ | ၁၄၂၃၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂၈ | ၅၇၄၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၄၀ | ၁၀၉၈၀၀ |
| EFR | ၃၁၅၀ | ၃၁၅၀ | ၁၁ | ၃၅၆၅၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၇၂ | ၃၅၉၈၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခရီးတစ်ခုမှရရှိခဲ့သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့၏ နောက်ကွယ်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတွေးတစ်စ

တာရာ

**ကိုဗစ်-၁၉ ကြောင့် မွန်းကျပ်နေတဲ့စိတ်ဖိစီးမှုတို့ကို အထိုက်အလျောက်လျှော့ချစေလိုသော ရည်ရွယ်ချက်ဖြင့် နေ့စဉ်ကျင်လည်နေရသည့် လူမှုဘဝမှ ခဏတာရုန်းထွက်ကာ နေပြည်တော်မှ မိုင် ၂၀၀ ခန့်ဝေးသည့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသတစ်ခုကို ပြီးခဲ့သည့်ဇွန်လက ခရီးစတင်ဖြစ်ခဲ့သည်။**

၁၉ မိုင်ခန့် ခရီးဆန့်မိသည့်အခါ ကံပြားသို့ ၇၉ မိုင်ဆိုသည့် လမ်းညွှန်တစ်ခုကိုတွေ့ခဲ့ရပြီး ထိုလမ်းညွှန်အတိုင်း တောင်တက်တောင်ဆင်းလမ်းများကို ခရီးနှင်ခဲ့ရာ လမ်းဘေးဝဲယာတွင် အနိမ့်အမြင့်မညီ သဘာဝအတိုင်းတည်ရှိနေသည့် သစ်ပင်သစ်တောများကို တွေ့ခဲ့ရသည်။

တောင်ထိပ်အမြင့်ပိုင်းကိုရောက်၍ ခရီးတစ်ထောက်နားကာ သဘာဝအလှအပကို ခံစားကြည့်မိပြန်ရာ ဥတုရာသီတောကိုမှီ၍ ဆိုသည့်အတိုင်း အေးမြလတ်ဆတ်သည့် လေထု၏ ထိတွေ့မှုနှင့်အတူ အပေါ်မှစီးမိုး၍ မြင်ရသည့်အတွက် အချို့တောင်များသည် ခပ်ပြေပြေ တောင်ကုန်းများ၊ ကုန်းပြင်မြင့်များသဖွယ် နိမ့်နေသယောင် ထင်မြင်ရသည်။

တောင်များပေါ်တွင် ပေါက်ရောက်နေသည့် အချို့အပင်များသည် နွေကာလမှာ ရေမဝခဲ့သဖြင့် အရိုးပြိုင်းပြိုင်း၊ အချို့ကတော့ ဝသန္တမိုးလရာသီ ရေရပြီမို့ သန်သန်စွမ်းစွမ်း၊ စနစ်တကျ စိုက်ပျိုးထားခြင်း မဟုတ်သော်လည်း သဘာဝမို့ ပန်းချီကားတစ်ချပ်ကဲ့သို့ လှပနေသည်။ အချို့နေရာများတွင် ကျဲပါးနေသည့် သစ်ပင်သစ်တောများ၊ အချို့နေရာများတွင် ဝါးများကို ခုတ်ထားပြီး တစ်နေရာရာကိုပို့ရန် စီစဉ်ထားသည့် ဝါးစည်းများကို တွေ့မြင်ခဲ့ရသဖြင့် သဘာဝသစ်ပင်၊ သစ်တောများ ပြုန်းတီးမည့်အရေးကို တွေးတောပူပန်မိပြန်ပါသည်။

ဆက်စပ်၍စဉ်းစားမိသည်မှာ သစ်တောများ ပြုန်းတီးလာပြီး တောကိုမှီရသည့် ဥတုရာသီ၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးလာသည်ကာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သည့် အကြောင်းတရားများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခြင်းဖြစ်သည်။

မြို့ပြနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမှု၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများမှ နိုက်ထရိုဂျင်ဓာတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲမှုတို့ကြောင့် မီသိန်းဓာတ်ငွေ့နှင့် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများကလည်း သိသိသာသာ တိုးတက်လျက်ရှိသည်။

### သစ်တောများပြုန်းတီး ရာသီဥတုပြောင်းလဲ

အပင်များ အစာချက်လုပ်သည့်လုပ်ငန်းစဉ်သည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး သန့်ရှင်းသောအောက်ဆီဂျင်ကို လေထုထဲသို့ ပြန်ထုတ်ပေးရခြင်းဖြစ်သည်။ သစ်တောများသည် ဖန်လုံအိမ်ဓာတ်ငွေ့ကို ပျောက်အောင်လုပ်ပေးနိုင်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်ရာ ဖန်လုံအိမ်ဓာတ်ငွေ့မြင့်တက်လာနေသည့် ယခုကဲ့သို့ အချိန်တွင် သစ်ပင်များကို ဖျက်ဆီးလိုက်ခြင်း၊ သစ်တောများပြုန်းတီးလာခြင်းသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို အရှိန်အဟုန်မြှင့်ပေးလိုက်သကဲ့သို့ ဖြစ်နေသည်။

ထိုကဲ့သို့ ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးလာကာ မုန်တိုင်း၊ ဒီရေလှိုင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မြေလျှော၊ ဆူနာမီ၊ မိုးခေါင်ခြင်း၊ မီးဘေးအန္တရာယ်နှင့် တောမီးအန္တရာယ် စသည်ဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု ဖြစ်စဉ်များလည်း မကြာခဏ ဖြစ်ပွားလာသည်ကို တွေ့ရသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် မုန်တိုင်းနှင့်ဆက်စပ်၍ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်တစ်ခုကို အမှတ်ရမိပြန်ပါသည်။ ၂၀၀၈ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ လူဦးရေတစ်သိန်းဝန်းကျင် သေဆုံးခဲ့ကြရပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ တော၊ တောင် သဘာဝအနေအထားအရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကို လေ့လာကြည့်မည်ဆိုပါက ၂၃ ရာခိုင်နှုန်းမှာ မီးဘေးကြောင့်ဖြစ်ပွားခဲ့ပြီး ၁၁ ရာခိုင်နှုန်းမှာ ရေလွှမ်းမိုးမှု၊ ၁၂ ရာခိုင်နှုန်းမှာ လေပြင်းမုန်တိုင်း ကျရောက်မှု၊ ၄ ရာခိုင်နှုန်းမှာ မြေလျှောင်လှုပ်ခြင်း၊ ဆူနာမီနှင့် မြေပြိုခြင်းများကြောင့် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများအဖြစ် ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်အတွင်းတွင် ဖြစ်ပွားခဲ့သော မုန်တိုင်းကြီး၊ မုန်တိုင်းငယ်ကျရောက်မှု၊ ဆည်၊ တံတားများ ကျိုးပေါက်ခြင်း၊ ရေကြီးရေလျှံမှုများကို ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာကိုလည်း ရင်ဆိုင်ခဲ့ရသည်။

### လူဦးရေ ၁၆၄ သန်းကျော် သဘာဝဘေးသင့်

၂၀၁၁ မှ ၂၀၂၀ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အကြိမ် ၃၀၀ ကျော် ဖြစ်ပွားခဲ့ပြီး တစ်နှစ်လျှင်ပျမ်းမျှလူဦးရေ ၁၆၄ သန်းကျော် သဘာဝဘေးသင့်ခဲ့ရကာ ၁၅၀၀၀ ခန့် သေဆုံးလျက်ရှိသည်။ ဆုံးရှုံးမှုအနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ ကျော်ခန့် ဆုံးရှုံးမှုရှိသည်ကို မှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့ခံစားရနိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေးစသည့် ရာသီအလိုက်ဖြစ်ပွားသည့် ဘေးအန္တရာယ်များ၊ နေရာဒေသအလိုက် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များသည် ကြိုတင်ခန့်မှန်းသိရှိနိုင်သည့်အတွက် ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားနိုင်သည်။

ထို့ပြင် သဘာဝတရားကြောင့်ဖြစ်သည့် ဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်၊ မူဝါဒနှင့် ဥပဒေသတ်မှတ်ချက် အားနည်းမှုကြောင့်ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်ဟူ၍ သတ်မှတ်နိုင်ပြီး ယခင်ကမကြုံဖူးသည့် ဘေးအန္တရာယ်များလည်း ကြုံတွေ့လာနိုင်သည်ကို မျှော်တွေးပြင်ဆင်ထားရန် လိုအပ်သည်။

နိုင်ငံအတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးဆောင်သော လုပ်ငန်းကော်မတီ ၁၂ ခုကိုလည်း ဖွဲ့စည်းထားရှိသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ ခရိုင်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို ကြားသိရသည်။

ဒေသအလိုက်ဖြစ်လေ့ဖြစ်ထရှိသည့် ဘေးအန္တရာယ်များအလိုက် ကြိုတင်ပြင်ဆင်မှု၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ Table-top ဇာတ်တိုက်လေ့ကျင့်မှု၊ အရေးပေါ်ရွှေ့ပြောင်းရန် လိုအပ်ပါက ရွှေ့ပြောင်းနိုင်သည့် ဘေးကင်းရာနေရာများကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီနှင့် ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုအပ်သလို တစ်ဖက်ကလည်း ရပ်ရွာများရှိ ဒေသခံများကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ အသိပညာ၊ ဗဟုသုတ ဖြန့်ဝေရေး အစီအစဉ်များကို ဆောင်ရွက်သင့်သည်။

ထို့ပြင် သစ်တောများထိန်းသိမ်းခြင်း၊ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်ကြုံတွေ့နေရသည့် ရှားပါးမျိုးစိတ်တွေကို ထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုနိုင်ရန် အားပေးကူညီခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပြီး သဘာဝနှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာရန် ပံ့ပိုးကူညီပေးခြင်း အစရှိသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

> **“သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီနှင့် ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုအပ်သလို တစ်ဖက်ကလည်း ရပ်ရွာများရှိ ဒေသခံများကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ အသိပညာ၊ ဗဟုသုတဖြန့်ဝေရေး အစီအစဉ်များကို ဆောင်ရွက်သင့်”**

### တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် ပြဿနာ

သို့သော် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများသည် ဒေသအဝန်း၊ နိုင်ငံအဝန်းသာမက ကမ္ဘာအဝန်း ဖြစ်ပေါ်နေခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ရှောင်လွှဲ၍မရနိုင်ပါ။ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပွားလာပြီး တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့်ပြဿနာဖြစ်ရာ တစ်ဦးတစ်ယောက်အားဖြင့် ဖြေရှင်း၍မရနိုင်ပေ။ ထိုအရာများကို ရပ်တန့်ရန် လူတိုင်းတွင် တာဝန်ရှိရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားမလာအောင် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းကြရမည်သာဖြစ်သည်။

သွားပါများ ခရီးရောက်သော်လည်း တစ်ထောက်နားကာ အတွေးနယ်ချဲ့နေသည့် စိတ်အစဉ်တို့ကို မှိုင်းညို့လာသည့် ကောင်းကင်တစ်ခွင်မှ မိုးစက်မိုးပေါက်တို့က ခရီးဆက်ရန် အချက်ပြ၍နေလေရာ တောတောင်ရှုမျှော်ခင်းတို့ကြောင့် နယ်လွန်နေသည့် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် အတွေးစတို့ကို ပြန်လည်စုစည်းကာ လိုရာခရီးကို အချိန်မီရောက်ရှိအောင် ခရီးဆက်လိုက်ပါဦးမည်။ ။

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဇန်းမော်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ သပိတ်ကျင်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ရွှေကူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရန်ကုန် (မြို့လယ်) တွင် ၂ ဒသမ ၀၉ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ စဥ့်ကူး(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၅၇ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) တွင် ၁ ဒသမ ၄၂ လက်မ၊ မူဆယ်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ကသာမြို့၊ ရန်ကုန် (ကမ္ဘာအေး)၊ ကိုကိုးကျွန်းမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၂၅ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်ဖြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# COVID-19 ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကာကွယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် **“ကန့်သတ်စောင့်ကြည့်ရမည့်သူများကို နေရာဒေသအလိုက် ထားရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိတပ်ရင်း/တပ်ဖွဲ့ အသီးသီး၌ ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားချက်နှင့်အညီ COVID-19 ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံ သင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိသည်။



ထို့ပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၁၁၈ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၆၅၆ ဦးနှင့် အမျိုးသမီး ၂၇၈ ဦး စုစုပေါင်း ၉၃၄ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၉၇ ဦး စုစုပေါင်း ၁၀၆ ဦးအားလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

**သတင်းစဉ်**

## ရီးရဲမက်ဒရစ်ခံစစ်ကစားသမား ဗာရာနီကို မန်ယူခေါ်ယူရန် နီးစပ်လာ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၈ နှစ် အရွယ်ရှိ ပြင်သစ် ခံစစ်ကစားသမား ရာဖေးလ် ဗာရာနီ ကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

ရီးရဲမက်ဒရစ်အသင်းကလည်း ဗာရာနီကို ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ရည်ရွယ်နေခြင်းကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။ ဗာရာနီသည် ရီးရဲမက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသည်။ ရီးရဲမက်ဒရစ်သည် ဗာရာနီ၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ သတ်မှတ်ထားသော်လည်း မန်ယူက ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် ချိန်ရွယ်နေခြင်းဖြစ်သည်။ အခြား ဆက်စပ်သတင်းတစ်ရပ်တွင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းမှ ဂျေဆန်ဆန်ချိုသည် မန်ယူနှင့် ဆေးစစ်မှုခံယူမည်ဟု ဖော်ပြထားသည်။ မန်ယူသည် အဆိုပါကစားသမားကို ပေါင် ၇၃ သန်းဖြင့် ခေါ်ယူရန် ဒေါ့မွန်နှင့် သဘောတူညီထားသည်။ **အောင်ဇော်**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၂၁ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၈) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာတွင် အမှတ်စဉ်

၁။ (ဂ) အငယ်တန်း အင်ဂျင်နီယာ-၂

ME/BE/B-Tech/AGTI

(Mechanical Power /Mechatronics)

အမျိုးသမီး ၅ ဦးနှင့် အမျိုး သမီး ၂ ဦးအစား

**အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၂ ဦး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုဂံလမ်း၊ တိုက်အမှတ်(၆၂၁/ခ)၊ (၁)ခန်း(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ အကျယ်အဝန်း အလျား (၁၈)ပေ x အနံ (၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ် သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးထွန်းလှစိန် ၁၂/ဒဂတ(နိုင်)၀၁၁၃၅၀ထံမှ အထက်ပါတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလမင်း ၁၂/ကမတ(နိုင်) ၀၆၃၉၀၂နှင့်ဒေါ်ခင်အေးအေးကျော် ၁၂/မရက(နိုင်) ၁၃၀၂၄၀တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် [ "အလင်္ကာ" Law Firm]**
**LL.B,D.B.L,D.M.L,D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ(အဆောက်အဦ ဇာတ်နိပါတ်တော် စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၀ လုံး | ၄ လုံး |
| ၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၄။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
| ၅။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၁ တိုင် | ၁၆၉ တိုင် |
| ၆။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၉ တိုင် | ၈၁ တိုင် |
| ၇။ | ခမ္ဘာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး | - | - |
| ၈။ | ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | - |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု |
| ၁၀။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၁။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၂။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈.၁၄ ခု |
| ၁၄။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၅။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း**

| | | | |
|---|---|---|---|
| ၆၈၉။ | ဦးတင်ထွဋ်ဦးနှင့်မိသားစု<br>ပြည်ထောင်စုဝန်ကြီး(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) | နေပြည်တော် | ၇၀၀၀၀၀ |
| ၆၉၀။ | ဦးတင့်အောင်+ဒေါ်မူမူဌေး | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၆၉၁။ | ဦးရဲတင့်နှင့်မိသားစု<br>ဒုတိယဝန်ကြီး(ပြန်ကြားရေးဝန်ကြီးဌာန) | နေပြည်တော် | ၂၀၀၀၀၀ |
| ၆၉၂။ | ဦးသန်းထွန်းဇော်အားရည်စူး၍<br>ဒေါ်ခင်မြမြဝင်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၆၉၃။ | ဦးသန်းထွန်းနှင့်မိသားစု<br>အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) | နေပြည်တော် | ၂၀၀၀၀၀ |
| ၆၉၄။ | ဦးဝင်းဌေး+ဒေါ်စောနီလာ<br>(မိဘဂုဏ်ရည်သက်န်းတိုက်) | ရွှေညောင်မြို့ | ၁၀၀၀၀၀ |
| ၆၉၅။ | ဒေါ်ကြည်<br>(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) | နေပြည်တော် | ၃၀၀၀၀၀ |
| ၆၉၆။ | တာယာစက်ရုံ(ရွာမ)<br>ဝန်ထမ်းများ(မစက) | ရန်ကုန်မြို့ | ၁၂၀၀၀၀၀ |
| ၆၉၇။ | ဒေါ်ခင်ညိုဝင်း | နေပြည်တော် | ၁၀၀၀၀၀ |
| ၆၉၈။ | ဒေါက်တာထွန်းထွန်းဦး+ဒေါ်နီနီဝင်း<br>(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) | နေပြည်တော် | ၃၆၀၀၀၀ |

(ကွန်ကရစ်(၈)လက်မထု(၁)ကျင်းလှူဒါန်း)

| | | | |
|---|---|---|---|
| ၆၉၉။ | ဦးရွှေလေးနှင့်မိသားစု<br>ပြည်ထောင်စုဝန်ကြီး(ဆောက်လုပ်ရေးဝန်ကြီးဌာန) | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၇၀၀။ | တပ်ကြပ်ကြီးမြင့်သိန်း+ဒေါ်သန်းနွဲ့ | ပြည်မြို့ | ၁၀၀၀၀၀ |
| ၇၀၁။ | ဦးဇော်မြင့်ဦး | အောင်ပန်းမြို့ | ၁၂၀၀၀၀ |
| ၇၀၂။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၁)<br>အရာရှိမိသားစုများ၏ (၃၅)နှစ်မြောက်နှစ်ပတ်လည်အမှတ်တရအလှူ<br>(မဟာရံတံတိုင်း၏မြေထိန်းနံရံနှင့် မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်လှူဒါန်း) | နေပြည်တော် | ၈၇၀၀၀၀၀ |
| ၇၀၃။ | ဦးအေးလွင်+ဒေါ်သန်းညွန့်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၇၀၄။ | ဦးစိုးမြင့် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၀၅။ | ဦးသန်းစိုးနှင့်မိသားစု<br>အဖွဲ့ဝင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) | နေပြည်တော် | ၂၀၀၀၀၀ |
| ၇၀၆။ | ဒေါ်သန်းသန်းခင် | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၇၀၇။ | ဦးငွေလွင် | မော်လမြိုင်မြို့ | ၁၈၀၀၀၀ |
| ၇၀၈။ | ဦးကျော်ဇော<br>(သမီး)ဒေါ်သီရိလှိုင် (မြေး)မကျော့ရှင်းသန့် | တောင်ငူမြို့ | ၅၀၀၀၀၀ |
| ၇၀၉။ | ဦးကြည်+ဒေါ်မြမြသိုက်မိသားစု | မကွေးမြို့ | ၃၀၀၀၀၀ |
| ၇၁၀။ | ဒေါ်ခင်ကြိုင်(ဇွဲကား မိသားစု) | နေပြည်တော် | ၁၀၀၀၀၀ |
| ၇၁၁။ | ဦးစိုးသိန်း+ဒေါ်ခင်ချိုအုန်း<br>(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) | နေပြည်တော် | ၇၀၀၀၀၀ |

(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းမြန်မာမှုပါ(၁)ကျင်းလှူဒါန်း)

| | | | |
|---|---|---|---|
| ၇၁၂။ | အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်နှင့်<br>ကွပ်ကဲမှုအောက်တပ်ရင်းများမှအရာရှိ၊ စစ်သည်မိသားစုများ | ကျိုက်ထိုမြို့ | ၅၇၀၀၀၀၀ |
| ၇၁၃။ | ဦးမင်းထိန်နှင့်မိသားစု<br>ဒုတိယဝန်ကြီး(ဆောက်လုပ်ရေးဝန်ကြီးဌာန) | နေပြည်တော် | ၇၀၀၀၀၀ |
| ၇၁၄။ | ဒေါက်တာအိမွန်ဝင်း | နေပြည်တော် | ၅၀၀၀၀ |
| ၇၁၅။ | ကွယ်လွန်သူဇနီးဖြစ်သူ ဒေါ်ကြီးမြင့်<br>အားရည်စူး၍ ဗိုလ်ကြီးမြင့်နွယ်(ငြိမ်း)နှင့်သားသမီးမြေးမြစ်မိသားစုကောင်းမှု | နေပြည်တော် | ၁၀၀၀၀၀ |
| ၇၁၆။ | ဦးလှဖုန်းကျော်+ဒေါ်ခက်ခက်မိသားစု | အောင်ပန်းမြို့ | ၅၀၀၀၀ |
| ၇၁၇။ | ဦးထွန်းလင်းမိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၁၈။ | ဦးအောင်ကျော်ဦး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၁၉။ | ဒေါ်မေမေခင် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၂၀။ | ဦးမာကို+ဒေါ်ရဲရဲမြ | ရေးမြို့ | ၅၀၀၀၀ |
| ၇၂၁။ | ဒေါက်တာအိအိမော် | နေပြည်တော် | ၅၀၀၀၀ |
| ၇၂၂။ | ဦးခင်မောင်အေး(ငြိမ်း)+ဒေါ်ယဉ်ယဉ်မေ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၇၂၃။ | ကွယ်လွန်သူခင်ပွန်း ဦးမြင့်စိုးအား<br>ရည်စူး၍ ဇနီး ဒေါ်စန်းစန်းယုမိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀<br>(ကြွေပြား ၁ ကျင်းလှူဒါန်း) |
| ၇၂၄။ | ဦးအေးမြင့်+ဒေါ်ပြုံးပြုံးဇင် | ပျဉ်းမနား | ၁၀၀၀၀၀ |
| ၇၂၅။ | ဗိုလ်မှူးချုပ်စောလှမင်း+ဒေါ်ခင်ဆွေယု<br>(သား)မောင်စောမင်းအောင် | နေပြည်တော် | ၃၀၀၀၀၀ |
| ၇၂၆။ | ဒေါက်တာစည်သူ+ဒေါက်တာလဲ့သန္တာစိုး<br>(သမီး)မသူနန်းထက်အိမ် | ရန်ကုန်မြို့ | ၇၀၀၀၀၀ |

(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်လှူဒါန်း)

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆု‌ဌာနခွဲ
## ကြေညာချက်
(ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေ ထီစာအုပ်များကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ တွင်စတင်ရောင်းချပေးသွားမည် ဖြစ်ရာ ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/ မိတ္တူ ထီစာအုပ် ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက် စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လစဉ် ကျပ် ၁၀၀၀ တန်ထီ (၅၀၀)အုပ်နှင့်အထက် ရရှိသူများဖြစ်ပါက မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်း တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက် ပြီးကြောင်း ထောက်ခံစာမူရင်း/ မိတ္တူ (သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စ လုံလောက်သော အစီအစဉ်များပြုလုပ်ပြီးကြောင်း ထောက်ခံစာ မူရင်း/ မိတ္တူ များကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၅-၇-၂၀၂၁)ရက်နေ့မှ (၂၆-၇-၂၀၂၁) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့်ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိ စာချုပ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီးပါက စာချုပ်ပါ သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရပ်စဲခြင်း၊ အာမခံငွေ (Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ (Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၂၃-၈-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ်ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအတွက် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ ကွက်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် -၁၁/က တွင် ဖွင့်လှစ်ထားသော ဓနုဖြူဒေါ်စောရီ မြန်မာထမင်းဆိုင် (အင်းစိန်)အမည်အမှတ်အသား၏ လွှဲအပ်ညွှန်ကြားချက်အရ ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။




အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား ဓနုဖြူဒေါ်စောရီမြန်မာထမင်းဆိုင်(အင်းစိန်)အမည်အမှတ်အသားအဖြစ် တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၄/၂၁၀၆)ဖြင့် ၂၁-၆-၂၀၂၁ ရက်တွင် တရားဝင်မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

၎င်းလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား ဓနုဖြူဒေါ်စောရီမြန်မာထမင်းဆိုင်(အင်းစိန်)အမည်အမှတ်အသားအဖြစ် ယခုအသစ်ထပ်မံဖွင့်လှစ်လိုက်သော အမှတ်-၁၁/က၊ ဘုရင့်နောင်လမ်း၊ ကွက်သစ်ရပ်ကွက်၊ ပေါက်တောဝ၊ အင်းစိန်မြို့နယ်တွင် ဆိုင်ခွဲများဖွင့်လှစ်ထား ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေလုပ်ငန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ် အသားတစ်ခုလုံးကိုဖြစ် စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တုပခြင်း၊ သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာ အပ်ပါသည်။

**ဒေါ်အိအိဖြိုးအောင် ၁၂/ကမရ(နိုင်)၀၅၁၁၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တဥ္မာဦး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၃၁)**
**အမှတ်-၂အေ/၇၆၃၊ မုဒိတာအိမ်ရာ(၂)၊**
**ပေါက်တောဝ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၈၀၀၆၆၇၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၁/က)ရပ်ကွက်၊ ချစ်တီးကုန်း၊(၅)လမ်း၊ အမှတ် (၂၅၂/ခ)နေ ဒေါ်သီတာမိုး ၉/ညဥန(နိုင်)၁၅၂၇၆၀ ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုး ၉/ ညဥန(နိုင်)၁၅၂၇၆၀ သည် ၎င်း၏ခင်ပွန်းဖြစ်သူ ကိုသန့်ဇော်ဝင်း ၇/ရတရ(နိုင်) ၁၀၈၄၀၁ နှင့် လွန်ခဲ့သော ၇-၇-၂၀၂၁ရက်တွင် လင်မယားနှစ်ဦး စကားများရန်ဖြစ်ခဲ့ကြပြီး ခင်ပွန်းဖြစ်သူ ကိုသန့်ဇော်ဝင်းသည် ၇-၇-၂၀၂၁ရက်တွင်ပင် နေအိမ်ပေါ်မှ ၎င်း၏သဘောဆန္ဒဖြင့် နေအိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ကိုသန့်ဇော်ဝင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုး ခွင့်မလွှတ်နိုင်သည့် လူမှုရေး ကိစ္စရပ်များကို ဆက်တိုက်ကျူးလွန်ခဲ့ပြီး အိမ်ပေါ်မှ ဆင်းသွားခြင်းသာဖြစ်ပါသောကြောင့် ကိုသန့်ဇော်ဝင်း အိမ်ပေါ်မှ ဆင်းသွားသည့်ရက်မှစ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာမိုးဘက်မှ တာဝန်မယူပါကြောင်း၊ ဖြေရှင်းပေးခြင်းလည်း လုံးဝမပြုနိုင်ပါကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သီတာမိုး ၉/ ညဥန(နိုင်)၁၅၂၇၆၀** | **ဒေါ်ချိုချိုလွင်(LL.B)(D.I.L)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **မြို့နယ်ရှေ့နေများရုံးခန်း** |
| | **သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၊ ဦးဘဟန်လမ်း** |
| | **သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉- ၄၂၅၃၀၂၁၅၄** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၁၉၇/ဂ)၊ မြေကွက်တည်နေရာအမှတ်(၁၉၇/က)၊ မြေကွက်တည်နေရာအမှတ် (၁၉၇/က)၊ ဥက္ကာ(၇)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးရှိန် ၁၂/ဥကမ(နိုင်)၀၀၆၃၆၀ (CF.၀၆၃၉၉၉)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၆၈/၁၈၏ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၄၃/၁၈ ၏အမိန့်တို့အရ ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်အမှတ် ၁၀၀၁/၂၀ (၁၉-၂-၂၀၂၀)ဖြင့် ရရှိသူ ဦးဌေးအောင်(ခ)ထွန်းထွန်းကျော်စိုး ၁၂/မဂတ(နိုင်) ၀၀၀၁၇၃မှ ဂရန်ပျောက်ဆုံးကြောင်း(ကျမ်းကျိန်လွှာ)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလ(၉-၉-၁၉၉၃)ရက်တွင် ထုတ်ပေးသည့် ဦးရှိန်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် မဥ/ဂ ၁၆၀ ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးဘချစ် ၁၂/လမန(နိုင်) ၀၈၂၆၂၆ ၏သား ဒဂုံတောင်မြို့နယ်၊ အလက (၃) ခွဲ၊ တက္ကသိုလ်ဝင်တန်း (C) မှ မောင်ရဲဇော ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၁၀-၁၉၈၇) ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅၊ မြေကွက်အမှတ် ၂၃၁၊ မြေကွက် တည်နေရာ အမှတ်(၅၆)၊ ပုလဲရတနာလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်လှတင်(CH-၀၀၃၀၂၀) အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်လှတင်(မိခင်)နှင့်၎င်း၏ခင်ပွန်းဦးသိန်းအောင်(ဖခင်)တို့မှ သားသမီး(၄)ဦးဖြစ် သော (၁)ဦးမြင့်အောင်၊ (၂) ဒေါ်ကြည်ကြည်အောင်၊ (၃) ဒေါ်နီနီအောင်၊ (၄) ဦးရဲအောင်တို့အား မွေးဖွားခဲ့ပြီး အမည်ပေါက်ဒေါ်လှတင် (မိခင်)၊ ဦးသိန်းအောင်(ဖခင်)၊ ဒေါ်ကြည်ကြည်အောင်(သမီး)တို့ကွယ်လွန်သွားကြသောကြောင့် ကျန်သားသမီး(၃)ဦးဖြစ်သော (၁) ဦးမြင့်အောင် ၁၂/မဂတ(နိုင်) ၀၄၈၇၅၁၊ (၂) ဒေါ်နီနီအောင် ၁၂/ဗတထ(နိုင်) ၀၁၃၆၇၁၊ (၃) ဦးရဲအောင် ၁၂/ဗတထ(နိုင်) ၀၁၄၀၉၄နှင့် ဒေါ်ကြည်ကြည်အောင်၏ခင်ပွန်းဖြစ်သူ (၄) ဦးချစ်လွင် ၁၂/မဂတ(နိုင်) ၀၄၇၃၁၈တို့ (၄)ဦးမှ သားသမီး/သမက်တော်စပ်ကြောင်းနှင့် ဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း ကျမ်းကျိန်လွှာ(၃/၂၇၇၃/၂၀-၃-၂၀၂၀)အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြ၍ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)ရပ်ကွက်၊ ဟားခါး(၄)လမ်း၊ မြေကွက်အမှတ် (၁၄၈/က)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဒေါ်သန်းညွန့် (ISN-၂၀၈၉၀၇)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်နဝေသက် (၇/ ဒဥန (နိုင်) ၁၁၃၅၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| LL.B, D.B.L, D.I.L, | LL.B, |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
**Hein Htet San Law Firm** ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ကြီးမြို့၊ အထက(၁)မှ အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်နှင်းနှင်းဌေး(ခ)ဒေါ်နှင်းနှင်းလွင် ၁၃/တကန(နိုင်) ၀၁၆၀၃၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်၊ ချယ်ရီလမ်း၊ မ/ ၁၅၃/၁ နေ ဦးလှထွန်း(ခ)ကိုပအိုဝ်း၏ညီ မောင်လှမိုး(ခ) နာတူး ၁၃/တကန(နိုင်)၂၄၇၀၀၅ နှင့် ပတ်သက်သော ငွေကြေး ကိစ္စအဝဝကို မိသားစုများမှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှထွန်း(ခ)ကိုပအိုဝ်း

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၈၃၁၇၅၊ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဦးခွန်လေခမ်း ၁၃/ကတလ(နိုင်)၀၁၃၇၂၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အကျိုးတူဆောင်ရွက်ခဲ့သော အိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းများအား ကနဦးတိုက်ရိုက်တာထံမှလည်းကောင်း၊ အမည်ပေါက်ကွယ်လွန်သဖြင့် ၎င်း၏ဇနီးထံမှ လည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့် အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း၊ ၎င်းတို့၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်နှင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ပျောက်ဆုံးခဲ့ပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက်<br>အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ<br>အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့်<br>တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးစိုင်းအိုက်ပေါင်း AW-၀၄၄၅၆၅<br>၁၂/မဂတ(နိုင်)၀၅၉၉၂၄(မှ)<br>ဦးရန်ကျိန်းကျင် ၁၃/လရန(နိုင်)၀၅၆၆၂၀<br>ဒေါ်ကွမ်လန် ၁၃/လရန(နိုင်)၀၅၆၅၀၃(မှ) | ဒေါ်မိုးယဉ်မွန်(ခ)<br>ယော်ဆိုက်ဖိန်း<br>၁/မညန(နိုင်)၀၉၈၀၆၇<br>ဒေါ်ခင်သီတာညို | တိုက်အမှတ်(၁၆၈/၁၈၈)၊ အခန်း(၁၆)၊<br>(၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
